မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၄ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၂၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သီရိလင်္ကာနိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော်   ဖေဖော်ဝါရီ ၄

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါ ရာဂျာပတ်ခ်ဆာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ထုံးဘို–မြစ်ငယ် (ဒွေးလမ်း) ဖောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝစ် ခရမ်မာနာရာကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော် လုပ်ငန်းများ ကဏ္ဍအလိုက်အောင်မြင်အောင် အထူးကြိုးပမ်းဆောင်ရွက်

နေပြည်တော်   ဖေဖော်ဝါရီ ၃

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဖေဖော်ဝါရီ ၂ ရက် နံနက် ၈နာရီခွဲက မော်တော်ယာဉ်များဖြင့် မန္တလေးမြို့မှ အရှေ့တောင်ဘက် ၃၁မိုင်အကွာ ရဲယမန်းကျေးရွာအနီး၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးအဖွဲ့က တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွင်း လက်ရှိဆောင်ရွက်လျက်ရှိသည့် ပင်မတမံအား RCC ကွန်ကရစ် ဆက်လက်သွန်းလောင်းမည့် အစီအစဉ်၊ ရေယူအဆောက်အအုံ (Power Intake) တည်ဆောက်နေမှုအခြေအနေများနှင့် စက်၊ ယာဉ်၊ ယန္တရားအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပင်မတမံအမြင့် ၄၃၃ပေအား CVC နှင့် RCC ကွန်ကရစ် ဆက်လက်သွန်းလောင်းရန် ပြင်ဆင်ထားရှိမှုအခြေအနေ၊ ဝဲဘက်ကမ်းနှင့် ယာဘက်ကမ်းတို့၌ စိန်လွန်တူးခြင်း၊ ဘိလပ်မြေဖိသွင်းခြင်းလုပ်ငန်းများကို လည်းကောင်း၊ စက်ရုံနေရာ ရေကာနံရံတည်ဆောက်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ရေယူအဆောက်အအုံ (Power Intake) လုပ်ငန်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

4-2 (01)   1   2/4/07, 2:27 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး မီဒီယာများ ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းစည်းရုံး

နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားကျန်းမာရေးကော်မတီကို ဖွဲ့စည်းကာ နိုင်ငံနှင့်အဝန်း ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တီဘီရောဂါ၊ ငှက်ဖျားရောဂါနှင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါတို့က အဟန့်အတားဖြစ်စေသည်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ယင်းရောဂါဆိုးများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ကာကွယ်ရန် ကျန်းမာရေးဝန်ကြီးဌာနက စီမံချက်များ ရေးဆွဲချမှတ် အကောင်အထည် ဖော်လျက်ရှိသည်။

၁၉၈၅ ခုနှစ်မှစ၍ ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ လေ့လာဆန်းစစ်မှုကို အလေးထားဆောင်ရွက်ခဲ့ပြီး အမျိုးသားကျန်းမာရေးကော်မတီ ဦးဆောင်မှုဖြင့် ၁၉၈၉ ခုနှစ် စက်တင်ဘာလတွင် ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းကာ အလုပ်ရုံဆွေးနွေးပွဲများ၊ ပညာပေးမှုအစီအစဉ်များ လှုပ်ရှားခဲ့သည်။

၂၀၀၅ ခုနှစ် စက်တင်ဘာလတွင် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ပြန့်ပွားမှုနှင့် အကျိုးဆက်များ ခန့်မှန်းတွက်ဆခြင်း အလုပ်ရုံဆွေးနွေးပွဲရလဒ်အရ ၂၀၀၀ပြည့်နှစ်၌ မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ ဖြစ်ပွားမှုနှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၁ ဒသမ ၃ ရာခိုင်နှုန်းသို့ လျော့နည်း ကျဆင်းလာအောင် လုပ်ဆောင်နိုင်ခဲ့သည်။

ကျန်းမာရေးဦးစီးဌာနနှင့်အတူ နိုင်ငံတကာ လူမှုရေးအသင်းအဖွဲ့များ၊ မီဒီယာများ ပူးပေါင်းပါဝင်ခြင်းဖြင့် ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသား ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ရောဂါကာကွယ်ခြင်းနှင့် ပညာပေးခြင်း အစီအစဉ်များကို မီဒီယာများမှတစ်ဆင့် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိရေး ထုတ်လွှင့် ဖော်ပြခြင်းဖြင့် ဗဟုသုတ တိုးပွားရရှိစေမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ဘက်ပေါင်းစုံမှ တိုက်ဖျက်ရေးမဟာဗျူဟာ စီမံကိန်းအောင်မြင်ရေးအတွက် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဖော်ဆောင်လျက် ရှိသည်။

သို့ဖြစ်ရာ တီဘီ၊ ငှက်ဖျားနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်စွာဆောင်ရွက်နိုင်ရေး တစ်နိုင်ငံလုံးမှ ပြည်သူများ ပူးပေါင်းပါဝင်လာအောင် မီဒီယာများက ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်း စည်းရုံးသွားကြရမည် ဖြစ်ပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၄-၂-၂၀၀၇
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊အရေးအတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ ဆရာတော် ဦးဃောသိတ တရားတော် **"ကံလေးမျိုး တရားတော်"**

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"အက်ရှင်မင်းသမီးလေး"**
- ၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၄၀ ၆။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၃။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၄။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မုန်တိုင်းကြားက ချစ်လိပ်ပြာ"** (အပိုင်း-၅)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ English Premier League ဘောလုံးပွဲ Tottenham Hotspur Vs Manchester United (Live)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ဝါယာလက် (၁)လမ်း၊ အမှတ်-၃၇၂(ဘီ)နေ ကိုခန့်မော်၊ မဖြူလွင်သန့်မိသားစုတို့က နှစ်နှစ်မြောက် မင်္ဂလာနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ် ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည် ချက်များကို မမိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက် မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက် မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်း၌ အသုံးပြုမည့်ပစ္စည်းများဝယ်ယူရေး ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် China Gezhouba Water and Power (Group)Co., Ltd (CGGC) တို့ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းတွင် အသုံးပြုရန်လိုအပ်သော Electrical & Mechanical Equipment, Hydraulic Steel Structure ပစ္စည်းများဝယ်ယူရေးအတွက် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် ညနေပိုင်းက နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြော

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် China Gezhouba Water and Power (Group)Co., Ltd (CGGC) မှ Vice President Mr. Chen Beng Feng တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် သဘောတူညီချက် ကန်ထရိုက်စာချုပ်ကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေ နှင့် China Gezhouba Water and Power (Group) Co., Ltd(CGGC) မှ Chief Engineer Mr. Wang Yimin တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များ အပြန်အလှန်လဲလှယ်ကြ သည်။ **(အပေါ်ပုံ)**

ရေအားလျှပ်စစ်စီမံကိန်း

ယနေ့လက်မှတ်ရေးထိုးသော ကန်ထရိုက်စာချုပ်မှာ ပဲခူးတိုင်း ဖြူးမြို့ အနောက်ဘက်ခုနစ်မိုင်ခန့်အကွာတွင် တည်ဆောက်လျက်ရှိသော ရေအား လျှပ်စစ်စီမံကိန်း၌မဂ္ဂါဝပ် ၂၀အင်အား ရှိဓာတ်အားပေးစက်နှစ်လုံးတပ်ဆင်မည် ဖြစ်ရာ စုစုပေါင်းစက်တပ်ဆင် အင်အား မဂ္ဂါဝပ် ၄၀ ထုတ်လုပ်မည်ဖြစ်သော ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်း အတွက် Electrical & Mechanical Equipment, Hydraulic Steel Structure ပစ္စည်းများ ဝယ်ယူရေး အတွက် ကန်ထရိုက်စာချုပ် ချုပ်ဆိုခြင်း အခမ်းအနားဖြစ်ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

■ **ရှေ့ဖုံးမှ**

ယင်းနောက် စီမံကိန်းရှုပ်မှ နေ၍ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်နှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

တည်ဆောက်

အဆိုပါ ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းမှာ မန္တလေးမြို့မှ ၃၁မိုင် အကွာ ရဲယမန်းကျေးရွာအနီး၌ တည်ရှိပြီး ဧရာဝတီမြစ်အတွင်း စီးဝင်သည့် မြစ်ငယ်မြစ်အား တမံပိတ်၍ ရေအား လျှပ်စစ်ထုတ်ယူနိုင်ရန် တည်ဆောက်နေခြင်းဖြစ်သည်။

ရေလှောင်တမံ အလျား၂၂၆၄ပေ၊ တမံအမြင့် ၄၃၃ပေရှိပြီး တစ်လုံးလျှင် ၁၉၇ဒသမ၄ မဂ္ဂါဝပ်ရှိ စက်လေးလုံး တပ်ဆင်သွားမည်ဖြစ်သည်။

ယခုအခါတည်ဆောက်ရေးလုပ်ငန်း အားလုံး၏ ၃၅ဒသမ၈၇ ရာခိုင်နှုန်း ပြီးစီးနေပြီး စက်ရုံတစ်ခုလုံး ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပါက တစ်နှစ် ပျမ်းမျှ ထုတ်လုပ်နိုင်မှု ဓာတ်အားမှာ ကီလိုဝပ် နာရီသန်းပေါင်း ၃၅၅၀ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့်အဖွဲ့ဝင်များသည် ထုံးဘို-မြစ်ငယ် (ဒွေးလမ်း)ထုံးဘိုအပိုင်း နားဗျောင်းကျချောင်းသို့ ရောက်ရှိကြပြီး လမ်းပိုင်းအခြေအနေနှင့် မြေသားခင်းနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ထုံးဘို-မြစ်ငယ် (ဒွေးလမ်း)ဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ လမ်းဖောက်လုပ်ရေး တာဝန်ခံ အရှေ့ဝေါလ်ကုမ္ပဏီမှ လက်ထောက်မန်နေဂျာ ဦးလှတင်က ထုံးဘို-မြစ်ငယ် (ဒွေးလမ်း)ပိုင်းအား မြေကြီး တာပေါင်ဖို့ခြင်းနှင့် Level ညှိခြင်းလုပ်ငန်းပြီးစီးမှု၊ ရေပြွန်တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးမှု၊ အသုံးပြုသော စက်၊ ယာဉ်၊ ယန္တရားများ အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးကြူပြင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းများ သတ်မှတ်ကာလ ထက်စော၍ပြီးစီးအောင် ဆောင်ရွက်သွားကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် ထုံးဘို-မြစ်ငယ် (ဒွေးလမ်း)အား မြေဖို့ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ မြေသားလမ်းပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုပြီး မိုင်တိုင်(၂)အနီးတွင် မြေညှိစက်၊ မြေသိပ်စက်တို့ဖြင့် မြေသိပ်သည်းမှုရရှိစေရန် ကြိတ်နင်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ထုံးဘို-မြစ်ငယ် (ဒွေးလမ်း)မြစ်ငယ်ဘက် ထိပ်မှနေ၍ လမ်းဖောက်လုပ်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

တည်ဆောက်ပြီးစီး

အဆိုပါ ထုံးဘို-မြစ်ငယ် (ဒွေးလမ်း)သည် ၉မိုင် ၃ဖာလုံ ရှည်လျားပြီး ၇မိုင် ၄ဖာလုံမှာ မြေကြီးတာပေါင်ဖို့ခြင်းနှင့် Level ညှိခြင်း ၅၀ရာခိုင်နှုန်းနှင့် ၁မိုင် ၉ဖာလုံမှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။ ရေပြွန် Box Culvert၁၄ခုအနက် ၁၃ခုနှင့် တံတားခြောက်စင်းအနက် ငါးစင်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

မြေကြီးတာပေါင်ဖို့ခြင်း လုပ်ငန်းနှင့် Level ညှိခြင်း လုပ်ငန်းများကို ၂၀၀၇ ဧပြီလအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

တိုးချဲ့တည်ဆောက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေးကားလမ်း ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်တံတားမှ ကနောင်မင်းသားကြီးလမ်းအထိ လမ်းလယ်ကျွန်း ခြောက်ပေအပါအဝင် အရှည်ပေ ၈၅၀၀ အား ကျောက်ခင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က လမ်းချဲ့ထွင်ကျောက်ခင်းနေမှုနှင့် ကားလမ်းကူး တံတားသစ် တိုးချဲ့တည်ဆောက်မှု အခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းအတွင်းရှိ တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအားတွေ့ဆုံသည်။

ရှေးဦးစွာ တိုင်းအတွင်းရေးမှူး၊ ခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများ၊ ဌာနတာဝန်ခံများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က နိုင်ငံတော်အေးချမ်းသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံ ကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်နှင့်ဌာနဆိုင်ရာများက လုပ်ငန်းကဏ္ဍအလိုက် အောင်မြင်အောင် အထူးကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ် အောင်မြင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ထို့အပြင် မိခင်ဌာနဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်တို့က ပေးအပ်လာသော လုပ်ငန်းတာဝန်များ ပြီးမြောက်အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ ဒုတိယဆုရ မကွေးတိုင်းအသင်းအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

(၅၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယဆုရ မကွေးတိုင်းအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ရက်က ရန်ကုန်မြို့ M-3 Food Center၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း ဘောလုံးအသင်းအတွက် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ရာ မကွေးမြို့နယ်အသင်း (ရန်ကုန်) အမှုဆောင်များ ဖြစ်ကြသော ဦးကြည်စိုး၊ ဦးကြည်မောင်၊ ဦးမြင့်သိန်း၊ ဦးမြသောင်းနှင့် ဦးသောင်းဆိုင်တို့က ဂုဏ်ပြုဆုငွေကျပ်၂၄၀၀၀၀ ကို အသင်းအုပ်ချုပ်သူ ဦးလှဝင်း(ညွှန်ကြားရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန)သို့ လည်းကောင်း **(အပေါ်ပုံ)**၊ မြန်မာ ကိုင်ဒိုကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာဦးဇော်ညွှန့်ဦးက ငွေကျပ်၃၀၀၀၀ ကို အကောင်းဆုံး နောက်တန်းလူဆုရ ထွန်းထွန်းနိုင်ထံသို့ လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဗန်ကောက်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီးလာရောက်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဗန်ကောက်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး Dr. Freidrich Hamburger သည် ယနေ့မွန်းလွဲ၁နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ကံမြင့်ကျောင်းတိုက် အထူးတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ဖေဖော်ဝါရီ၄ ရက်မှ ၁၃ရက်အထိ ညစဉ်၇နာရီတွင် ပြည်တွင်း၊ ပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ အောင်ဆန်း မိုးကုတ်ဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ ဆရာတော်၏ ခန္ဓာဉာဏ်ရောက် အထူးတရားပွဲ ကျင်းပမည်ဖြစ်သဖြင့် ကြွရောက်တရားနာယူနိုင်ကြောင်း သိရသည်။

(က-ပ)

အေအိုင်ဒီအက်စ်၊ တီဘီနှင့်နာတာရှည်ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြုစောင့်ရှောက်မှုပေးသည့် လုပ်ငန်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျင်းပသည့် အေအိုင်ဒီအက်စ်၊ တီဘီနှင့်အခြားနာတာရှည် ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု စောင့်ရှောက်မှုပေးသည့် လုပ်ငန်းဆောင်ရွက်ခြင်း အခမ်းအနားကို ဇန်နဝါရီ၂၅ရက်နံနက် ၁၀နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်ရှိ မြောက်ဥက္ကလာပစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည် ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု စောင့်ရှောက်မှုလုပ်ငန်းများအတွက် အလှူရှင်များက လှူဒါန်းကြသည့် အလှူငွေကျပ် ၁၄၈၈၀၀၀ကို လက်ခံသည်။

ရှင်းလင်း

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာလှမြင့်နှင့်မြောက်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဦးတို့က ပြည်သူလူထုအခြေပြုစောင့်ရှောက်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထောက်ပံ့

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့်အဖွဲ့ဝင်များသည် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက်သို့ သွားရောက်၍ ရောဂါဝေဒနာရှင်များနှင့် မိသားစုများအား လိုက်လံအားပေးစကားပြောကြားပြီး ဆေးဝါးများ၊ အာဟာရအစားအစာများ၊ ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၁) ဗဟန်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၃

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဖေဖော်ဝါရီ၂ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မိုးဦးပန်းခန်းမ၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် အထက(၁) အထက်တန်းပြ ဘာသာရပ်မှူး ဆရာမ ဒေါ်ဝါဝါဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် အထက(၁) အထက်တန်းပြ ဘာသာရပ်မှူး ဆရာမ ဒေါ်ဝါဝါဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်က နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာပေအကျိုးကျေးဇူးကြီးမားပုံများကို ဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

ရုရှားနိုင်ငံ မော်စကိုမြို့၌ ဆောင်းရာသီ ဆီးနှင်းရုပ်တုပွဲတော် ကျင်းပနေသည်ကို ဇန်နဝါရီ ၃၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

၂၀၀၆ခုနှစ်က အင်ဒိုနီးရှား၌ ရေနံတွင်းသစ် ၂၂တွင်း တွေ့ရှိခဲ့ ယခုနှစ်၌ နေ့စဉ်ရေနံစည်ပေါင်း တစ်သန်းကျော် ထုတ်လုပ်နိုင်မည်

ဂျကာတာ ဖေဖော်ဝါရီ ၃

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၆ခုနှစ်က ရေနံတွင်းသစ်ပေါင်း ၂၂တွင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါ ရေနံတွင်းများ၌ ရေနံစည်ပေါင်း ၁ဒသမ၂ဘီလီယံခန့် ရရှိနိုင်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားအစိုးရက သတင်းထုတ်ပြန်သည်ဟု ပြည်တွင်းမီဒီယာများက ဇန်နဝါရီ ၃၁ရက်၌ ဖော်ပြသည်။

ထို့အပြင် သဘာဝဓာတ်ငွေ့ ကုဗပေ ၁ဒသမ ၄ထရီလီယံခန့်ရှိသော ဓာတ်ငွေ့တွင်း ၁၀တွင်းခန့်ကိုလည်း ရှာဖွေတွေ့ရှိထားကြောင်း ဘစ်နက် အင်ဒိုနီးရှား သတင်းစာ၌ ဖော်ပြသည်။

ယခုကဲ့သို့ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထွက်ရှိမှုသည် အင်ဒိုနီးရှားနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ လိုအပ်မှုကို ဖြည့်ဆည်းထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ အကြီးအကဲ ကာဒါယာဝါနီကာက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၆ ခုနှစ်က ရေနံတွင်းပေါင်း ၁၀၄၆တွင်းမှ ရေနံထုတ်လုပ်မှုနေ့စဉ် ရေနံစည်ပေါင်း ၁ ဒသမ ၀၁ သန်း ထုတ်လုပ်နိုင်ခဲ့သည်။ ယခု၂၀၀၇ခုနှစ်တွင် အသစ်တိုးချဲ့ထားသည့် ရေနံတွင်းများနှင့် လုပ်ကွက်များမှ တစ်နေ့လျှင်စုစုပေါင်းရေနံစည် ၁ ဒသမ ၀၅ သန်း ထုတ်လုပ်ရန် ရည်မှန်းထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန် အမျိုးသားတစ်ဦး ကင်းမြီးကောက်၊ မြွေများနှင့်အတူ နေထိုင်ခဲ့

ကဘူးလ် ဖေဖော်ဝါရီ ၃

အာဖဂန်နစ္စတန်နိုင်ငံ အလယ်ပိုင်း ကဘူးလ်မြို့မှ ၇၂ကီလိုမီတာ အကွာ ပါဝမ်ပြည်နယ်၌ နေထိုင်သော အာဖဂန်နစ္စတန် အမျိုးသားတစ်ဦးသည် ကင်းမြီးကောက်၊ မြွေများနှင့် အတူ နေထိုင်ခဲ့ကြောင်း ဒေသထုတ် သတင်းစာတစ်စောင်က ဖေဖော်ဝါရီ ၁ ရက်တွင် ရေးသားဖော်ပြသည်။

၎င်း၏အမည်မှာ မိုဟာမက်ရှာဇတ် ဖြစ်ပြီးအသက်(၅၁)နှစ်ရှိပြီဖြစ်ကြောင်း၊ ၎င်းသည် ကင်းမြီးကောက် အကောင် ၁၀၀၀၀၊ အဆိပ်ပြင်း မြွေအကောင် ၃၀၀၀တို့နှင့်အတူ နေထိုင်ခဲ့ကြောင်း နေ့စဉ်ထုတ် သတင်းစာက ရေးသားဖော်ပြသည်။

ယခုအထိ အဆိုပါ အမျိုးသားသည် ကင်းမြီးကောက်အကောင် ၈၀၊ မြွေငါးကောင်တို့နှင့်အတူ နေထိုင်ဆဲဖြစ်ကြောင်း ၎င်းက အဆိုပါ သတင်းစာသို့ ပြောကြားသည်။

တစ်ချိန်က အဆိုပါ အမျိုးသားသည် အခန်းတစ်ခန်းအတွင်း ကင်းမြီးကောက် အကောင် ၆၅၀၀ဖြင့် အတူနေ၍ ကမ္ဘာ့စံချိန် တင်ခဲ့သည်ဟုဆိုသည်။ ယခုအခါ ၎င်းသည် ကင်းမြီးကောက်နှင့် မြွေတို့မှ အဆိပ်ဖြေဆေးများ ထုတ်လုပ်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လက်ဘနွန်၌ ပဋိပက္ခဖြစ်စေရန် သမ္မတဘုရှ်ဖန်တီး ဟဇ်ဘိုလာခေါင်းဆောင် ဟာတ်ဆန်နာဆရာလာစွပ်စွဲ

ဘေရွတ် ဖေဖော်ဝါရီ ၃

အမေရိကန်သမ္မတဘုရှ်သည် လက်ဘနွန်နိုင်ငံတွင် ပဋိပက္ခများဖြစ်အောင် ဖန်တီးနေကြောင်းဖြင့် လက်ဘနွန် ဟဇ်ဘိုလာပြည်သူ့စစ်ခေါင်းဆောင် ဟာတ်ဆန်နာဆရာလာက ဇန်နဝါရီ ၃၁ ရက်တွင် စွပ်စွဲလိုက်သည်။

သမ္မတဘုရှ်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်ဖ်တို့သည် လက်ဘနွန်နိုင်ငံကို စစ်ဆင်တိုက်ခိုက်ရန် ဇီယွန်ဝါဒီများအား အမိန့်ပေးခဲ့ကြောင်း ဟာတ်ဆန်နာဆရာလာက အစ္စရေးဟဇ်ဘိုလာပဋိပက္ခကို ရည်ညွှန်းပြောကြားလိုက်သည်။ လက်ဘနွန်အစိုးရကို ဖယ်ရှားရန်အတွက် ဟဇ်ဘိုလာနှင့်၎င်း၏ မဟာမိတ်များ ဖြစ်သည့် အီရန်နှင့် ဆီးရီးယားတို့က လက်ဘနွန်နိုင်ငံအတွင်း နောက်ဆုံးဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားအောင် လှုံ့ဆော်ပေးကြောင်း သမ္မတဘုရှ်က စွပ်စွဲပြီးနောက် ဟဇ်ဘိုလာခေါင်းဆောင်က အထက်ပါအတိုင်း တုံ့ပြန်လိုက်ခြင်း ဖြစ်သည်။

လက်ဘနွန်နိုင်ငံတွင်း အခြေအနေမှာ အစိုးရထောက်ခံသူများနှင့် ဆန့်ကျင်သူများအကြား ပဋိပက္ခများဖြစ်ကာ ဤရက်များအတွင်းတွင် ပို၍ပို၍ ဆိုးရွားလာကြောင်းဆင်ဟွာက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကြက်ငှက်တုပ်ကွေး ဂျပန်၌ထပ်မံဖြစ်ပွား

တိုကျို ဖေဖော်ဝါရီ ၃

ဂျပန်နိုင်ငံ မီယာဇာကီစီရင်စု အနောက်တောင်ပိုင်း၌ မွေးမြူရေးခြံတစ်ခြံ၌ ငှက် ၂၃ကောင် သေဆုံးခဲ့ပြီးနောက် ကြက်ငှက်တုပ်ကွေးသံသယ ဖြစ်ပွားမှုများ အသစ်တစ်ဖန်ဖြစ်ပွားခဲ့ကြောင်း ဂျပန်စိုက်ပျိုးရေးဝန်ကြီးဌာနက ဇန်နဝါရီ ၃၀ရက်တွင် ပြောကြားလိုက်သည်။

ဒေသအာဏာပိုင်များက ၃စားကြက်အကောင် ၆၃၀၀၀ကို ကနဦးစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ယင်းဝန်ကြီးဌာနက ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။ ယင်းကို အတည်ပြုနိုင်ခဲ့လျှင် ဂျပန်နိုင်ငံ၌ ယခုနှစ်အတွင်း စတုတ္ထမြောက်ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းလျက် ရှိနေသည်ကို ဖေဖော်ဝါရီ ၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း
နိုင်ငံတကာ
သတင်းများ

အီရတ်တွင်အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၃

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုနှစ်ရပ်ဖြစ်ပွားခဲ့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ် ဦးသေဆုံးပြီး အခြားတပ်ဖွဲ့ဝင် တစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် စစ်ဘက်က ဖေဖော်ဝါရီ ၁ရက်၌ ပြောကြားသည်။

တိုက်ခိုက်မှုတစ်ရပ်မှာ အီရတ်နိုင်ငံ အန်ဘာပြည်နယ်အနောက်ပိုင်းတွင် တိုက်ခိုက်ခံခဲ့ရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ရာ ယင်းဒဏ်ရာဖြင့် ဖေဖော်ဝါရီ ၁ ရက်က သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

အခြားတိုက်ခိုက်မှုတစ်ရပ်မှာ ဘဂ္ဂဒက်မြို့မြောက်ပိုင်း ဆာလာဟူဒင်ပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆင်ရေးဆောင်ရွက်နေစဉ် တိုက်ခိုက်ခံရမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး ဖေဖော်ဝါရီ ၁ ရက်၌ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ထို့အတူ အီရတ်နိုင်ငံ ဆာလာဟူဒင်ပြည်နယ်၏ ပြည်နယ်အုပ်ချုပ်ရေးမှူးအား ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဆာလာဟူဒင်မြို့၌ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၏ မည်သည့်နိုင်ငံရေး အကျပ်ကိုင်မှုမဆို မလေးရှားက အလျှော့ပေးမည်မဟုတ်ဟု ဘာဒါဝီကြေညာ

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၃

နှစ်နိုင်ငံ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ်(အက်ဖ်တီအေ)ကို ဆွေးနွေးညှိနှိုင်းရာတွင် အမေရိကန်ပြည်ထောင်စု၏ မည်သည့် နိုင်ငံရေးအကျပ်ကိုင်မှုကိုမျှ မလေးရှားနိုင်ငံက အလျှော့ပေး အညံ့ခံမည် မဟုတ်ကြောင်း မလေးရှားဝန်ကြီးချုပ် ဘာဒါဝီက သောကြာနေ့တွင် ပြောကြားလိုက်သည်။

အမေရိကန် အောက်လွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီဥက္ကဋ္ဌ တွမ်လန်တော့စ်၏သတိပေးပြောဆိုချက်ကို မလေးရှားဝန်ကြီးချုပ် ဘာဒါဝီက တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

တောင်းဆို

အီရန်အမျိုးသား ရေနံကုမ္ပဏီနှင့် မလေးရှားကုမ္ပဏီတို့ စွမ်းအင်ထုတ်လုပ်ရေးစာချုပ်ကို လက်မှတ်ရေးထိုးခြင်းကို ကန့်ကွက်သည့်အနေဖြင့် မလေးရှားနှင့် အက်ဖ်တီအေ ဆွေးနွေးညှိနှိုင်းရေးကိစ္စကို အမေရိကန်အစိုးရက ဖြတ်တောက်ရန် တွမ်လန်တော့စ်က တောင်းဆိုခဲ့ခြင်းဖြစ်သည်။

လက်မခံ

မလေးရှားဝန်ကြီးချုပ်ဘာဒါဝီက "မိမိတို့သည် မိမိတို့အပေါ် ပြည်ပမှ ဖိအားပေးလာခြင်းကို လက်မခံကြောင်း၊ မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်သဖြင့် ကိုယ်ပိုင်ရပ်တည်ချက်ရှိကြောင်း" ထည့်သွင်းပြောကြားလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဖလော်ရီဒါပြည်နယ်၌ လေဆင်နှာမောင်းတိုက်ခတ် နေအိမ်များ အမိုးများပြုတ်ထွက်၊ အနည်းဆုံးလူ ၁၉ဦးသေဆုံး ကယ်ဆယ်ရေးအဖွဲ့က အသက်ရှင်သူများအား ရှာဖွေနေဆဲဖြစ်

ဖလော်ရီဒါပြည်နယ် လက်ဒီလိတ်ခ်မြို့၌ ဖေဖော်ဝါရီ ၂ ရက် ညပိုင်းက လေဆင်နှာမောင်း တိုက်ခတ်ခဲ့ပြီးနောက် ပျက်စီးနေသော နေအိမ်များကို ဖေဖော်ဝါရီ ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဖလော်ရီဒါ ဖေဖော်ဝါရီ ၃

အမေရိကန်နိုင်ငံတောင်ပိုင်း ဖလော်ရီဒါပြည်နယ်၌ ဖေဖော်ဝါရီ ၂ရက် ညပိုင်းက လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ အနည်းဆုံးလူ ၁၉ဦး သေဆုံးသွားပြီဖြစ်ကြောင်း ကယ်ဆယ်ရေးအဖွဲ့များက အသက်ရှင်နေသူများအား ရှာဖွေလျက်ရှိကြောင်း ဖေဖော်ဝါရီ ၃ ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

ကယ်ဆယ်

မိမိတို့ ယနေ့ဦးစားပေးအဖြစ် အသက်ရှင်လျက်ရှိသော လူများအား ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း လေဆင်နှာမောင်းဒဏ်ခံရသော ဒေသလေးခုကို အရေးပေါ်အခြေအနေကြေညာပြီးနောက် ဖလော်ရီဒါပြည်နယ် အုပ်ချုပ်ရေးမှူး ချာလီခရစ်က ပြောကြားသည်။

ယင်းတို့အနေဖြင့် သေဆုံးမှုအရေအတွက် ထပ်မံတိုးလာမည်ကို စိုးရိမ်ပူပန်နေကြကြောင်း၊ ယင်းလေဆင်နှာမောင်းမှာ ဖေဖော်ဝါရီ၂ ရက် အရုဏ်မလင်းမီက တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ နေအိမ်ရာနှင့်ချီ၍ ပျက်စီးခဲ့ပြီး လူ ၁၀၀၀၀ကျော် လျှပ်စစ်မီးမရသည့်ဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း အဆိုပါ အုပ်ချုပ်ရေးမှူးက ဆက်လက်ပြောကြားသည်။

ရှာဖွေ

သေဆုံးသူအများစုကို လေဆင်နှာမောင်း အဆိုးရွားဆုံးဒဏ်ခံရသည့် လက်ဒီလိတ်ခ် မြို့၌ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များက ၎င်းမြို့၌ တစ်အိမ်တက်ဆင်း ရှာဖွေနေဆဲဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

တိုက်ခတ်

အဆိုပါလေဆင်နှာမောင်းသည် လူအများစုအိပ်မောကျအိပ်ပျော်နေချိန် ညကြီးပိုင်းတွင် တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လိတ်ခ်ဒေသ၏ မြို့များဖြစ်သည့် ပိုင်စလီ၌ လူ ၁၃ဦး၊ လက်ဒီလိတ်ခ်၌ ခြောက်ဦးသေဆုံးခဲ့ကြောင်း၊ သေဆုံးသူအများစုမှာ ကလေးများဖြစ်ကြသည်။

အဆိုးရွားဆုံး

မုန်တိုင်းသည် အလွန်အားပြင်းသဖြင့် အိမ်အမိုးများနှင့် တံခါးရွက်များ ပြုတ်ကျခဲ့ပြီး ရပ်ထားသောမော်တော်ကားများပင် လဲကျခဲ့သည်။

ဖလော်ရီဒါပြည်နယ်တွင် ၁၉၉၈ ခုနှစ်က အဆိုးရွားဆုံး လေဆင်နှာမောင်း တိုက်ခတ်ခဲ့ပြီး လူ ၄၂ဦး သေဆုံးခဲ့ဖူးကြောင်း မှတ်တမ်းများအရ သိရသည်။

(အင်တာနက်)

အလုပ်အကိုင်များ လက်လွတ်ဆုံးရှုံးချိန်၌ နှလုံးရောဂါ ပိုမိုတိုက်ခိုက်ခံရနိုင်

လူတို့အနေဖြင့် အလုပ်အကိုင်များ လက်လွတ်ဆုံးရှုံးရပါက စိတ်ဖိစီးမှု ဒဏ်ခံရပြီး နှလုံးရောဂါနှင့် လေဖြတ်ခြင်းဝေဒနာများ ပိုမိုခံစားရနိုင်ကြောင်း လန်ဒန်သုတေသန ပညာရှင်များက ပြောကြားလိုက်သည်။

ဝေဒနာခံစားရ

အသက် ၅၁ နှစ်မှ ၆၁ နှစ်အရွယ်ရှိ လူ ၄၃၀၁ ဦးကို သုတေသနပြုခဲ့ရာ အလုပ်အကိုင် လက်လွတ်ဆုံးရှုံးရမှုကြောင့် အဆိုပါလူများမှ လူ၅၈၂ ဦးတို့မှာ နှလုံးရောဂါနှင့် လေဖြတ်ခြင်း ဝေဒနာများခံစားခဲ့ကြကြောင်း တွေ့ရှိရသည်ဟု ယေးလ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

သွေးတိုးရောဂါ

အလုပ်အကိုင်များ လက်လွတ်ဆုံးရှုံးမှုနှင့် စီးပွားရေးအခက်အခဲများ ကြုံကြိုက်မှုတို့ တစ်ချိန်တည်း ဖြစ်ပေါ်လာချိန်၌ လူတို့အနေဖြင့် သတိထားသင့်ကြောင်း၊ စိတ်ဖိစီးမှုနှင့် ပူပန်သောကဖြစ်ပွားမှုတို့ကြောင့် နှလုံးရောဂါဖြစ်တတ်သလို သွေးတိုးရောဂါလည်း ဖြစ်ပွားတတ်ကြောင်း ၎င်းတို့က ပြောကြားသည်။

လေဖြတ်နိုင်

ထို့အပြင် နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် အလုပ်အကိုင်များ လက်လွတ်ဆုံးရှုံးသွားချိန်၌ နှလုံးရောဂါ တိုက်ခိုက်ခံရမှုနှင့် ရုတ်တရက်လေဖြတ်မှုများ ဖြစ်ပွားရန် ရာခိုင်နှုန်းများကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာဝီလျံဂါလိုက ပြောကြားသည်။ (ကိုးကား–အင်တာနက်)

လေထုညစ်ညမ်းမှုနှင့် နှလုံးရောဂါဖြစ်ပွားမှု ဆက်စပ်

လေထုညစ်ညမ်းမှုနှင့် နှလုံးရောဂါဖြစ်ပွားမှုတို့ဆက်စပ်လျက်ရှိကြောင်း၊ လေထုမသန့်ရှင်းပါက နှလုံးရောဂါဖြစ်ပွားမှု ပိုမိုဖြစ်ပွားရန် အခွင့်အလမ်းများကြောင်း သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြသည်။

နှလုံးရောဂါ

အမျိုးသမီး ၆၆၀၀၀ကို သုတေသနပြုခဲ့ရာ လေထုညစ်ညမ်းမှုရှိသော မြို့ကြီးများ၌ နေထိုင်သူများသည် လေထုသန့်ရှင်းသောမြို့များ၌ နေထိုင်သူအမျိုးသမီးများထက် နှလုံးရောဂါဖြစ်ပွားမှုများပြားကြောင်း တွေ့ရှိရသည်ဟု ဝါရှင်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဖြစ်ပွားမှုနှုန်း

ထိုသို့လေထုမသန့်ရှင်းမှုကြောင့် နှလုံးရောဂါနှင့်လေဖြတ်မှု ဝေဒနာများ ခံစားရနိုင်မှုမှာ ၇၆ရာခိုင်နှုန်းခန့်ပိုများကြောင်း၊ အခြားရောဂါများဖြစ်ပွားမှုနှုန်းထက် များပြားကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

သုတေသန

ရာသီဥတုမကောင်းမှုနှင့် လေထုညစ်ညမ်းမှုတို့ကြောင့် နှလုံးရောဂါနှင့် လေဖြတ်ဝေဒနာများခံစားကြရမှုတွင် အမျိုးသားများထက် အမျိုးသမီးများက အရေအတွက်ပိုများကြောင်း လေ့လာတွေ့ရှိရသည်ဟုလည်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

လေဖြတ်ဝေဒနာ

ထိုသို့ နှလုံးရောဂါနှင့်လေဖြတ် ဝေဒနာခံစားရသော အမျိုးသမီးအများစုမှာ အသက် ၅၀မှ ၇၉နှစ်အကြား အမျိုးသမီးကြီးများဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။ **(ကိုးကား–အင်တာနက်)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

ဇန်နဝါရီ ၂၇ ရက်က ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အထက(၂)၌ ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ဆုရသူများအားလုံးအတွက် ပူတူတူးလေး စာအုပ်တိုက်မှ ကျပ်နှစ်သိန်းလေးသောင်းတန်ဖိုးရှိ ကလေးမဂ္ဂဇင်းအုပ်လေးရာကို လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမြို့က အလှူရှင် အယ်ဒီတာချုပ် ဦးသန်းနိုင် (မြတ်သူစံ–ဝါးခယ်မ)အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က–ပ)

စာကြည့်တိုက်များအတွက် စာအုပ်နှင့်ငွေလှူဒါန်း စာပေရေးရာများ ဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်–စိတ်ပညာ)သည် ဖေဖော်ဝါရီ၁ ရက် နံနက်၉နာရီက မော်ဘီမြို့နယ် အထက(၁)၌ကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ ငွေလှူဒါန်းပွဲနှင့် စာပေဟောပြောပွဲသို့ တက်ရောက်၍ **“လူတိုင်းရည်မှန်းချက်ရှိရမည်”**ဟူသော ခေါင်းစဉ်ဖြင့် စာပေရေးရာများ ဟောပြောသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သောင်း၊ ဦးသိန်းမြင့်–ဒေါ်ကြည်တင်(မြို့နယ်အတွင်းရေးမှူး)မိသားစုက ငွေကျပ်ငါးထောင်နှင့် စာအုပ်၆၀၊ အထက(၁)မိသားစုက စာအုပ်၊ စာစောင်၃၀၀ကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်က လက်ခံရယူသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့စေတီတော် ဗုဒ္ဓပူဇနိယ ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်း လှူ ပွဲ ကို ဇန်နဝါရီ ၂၈ ရက်က စေတီတော် ရင် ပြင် တော် ၌ ကျင်းပရာ မြို့နယ်အတွင်းရှိ ဘုန်းတော် ကြီး ကျောင်းများမှ သံဃာတော် ၁၀၈ပါး တို့အား နယ်မြေခံတပ်နယ်မှ တပ်ရင်းတပ်ဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံမှ အလှူရှင်များက လှူဒါန်းကြစဉ်။ (က-ပ)

မြန်မာစာအဓိက ကျောင်းသားများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တက္ကသိုလ်(၁၉၆၉-၇၃) မြန်မာစာအဓိက ကျောင်းသားကျောင်းသူများက အငြိမ်းစား ဆရာ၊ ဆရာမကြီး ၁၃ ဦးတို့အား ပဌမအကြိမ်မြောက် ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) မွန်းလွဲ ၁နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ၁၉၆၉-၇၃ မြန်မာစာအဓိက ကျောင်းသားကျောင်းသူများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးစိုးညွန့် (တော်ဝင်နှင်းဆီ) ဖုန်း-၅၄၂၇၁၉၊ ၅၄၂၇၂၀၊ ဦးစန်းမြင့် ဖုန်း-၂၀၀၀၁၉၊ ၀၅၆-၂၁၈၆၆၊ ဦးကျော်ဇေယျ ဖုန်း-၀၉-၅၀-၀၇၈၄၉၊ ဒေါ်ခင်ရွှေဦး ဖုန်း-၅၆၆၁၃၁၊ ၇၀၄၅၆၅၊ ဒေါ်ရီရီတာ ဖုန်း-၅၇၀၅၈၄နှင့် ဒေါ်နွယ်နွယ်လင်း ဖုန်း-၆၆၀၀၅၀တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန် ကုန် မြို့ လမ်းမတော်မြို့နယ် ၁၅ လမ်း အမှတ် ၁၈ နေ ဦးထွန်းမြင့် - ဒေါ်ခင်မြမိသားစုက နှစ် (၅၀)ပြည့် ရွှေရတုမင်္ဂလာနှစ် အဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်ငါးသိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တဝိနယထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တီ=နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူးဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဥပဒေစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ လိုက်နာကျင့်သုံး အဖျက် အမှောင့်လုပ်ငန်းများ စုံစမ်းဖော်ထုတ် ပြည်သူယုံကြည်သော ဝန်ကြီးဌာနဖြစ်ရန်ကြိုးပမ်း

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။ (ဝဲပုံ)

အစည်းအဝေးသို့ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ အကျဉ်းထောင်၊ အလုပ်စခန်းတာဝန်ခံများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲဦးစီးအရာရှိချုပ်နှင့် ရဲအရာရှိကြီးများ၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ ဝန်ကြီးက ဒို့တာဝန် အရေးသုံးပါးနှင့် အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် လုပ်ငန်းတာဝန်ကို အလေးထားဆောင်ရွက်ရေး၊ ဥပဒေစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ လုံခြုံရေး၊ မဟုတ်မမှန်သတင်းများကို ပြန်လည်တုံ့ပြန်နိုင်ရေး၊ အဖျက်အမှောင့်လုပ်ငန်းများကို စုံစမ်းဖော်ထုတ်ရေး၊ လာဘ်ပေးလာဘ်ယူမှုကို ရှောင်ကြဉ်ခြင်း၊ ပြည်သူက ယုံကြည်ကိုးစားသော ဝန်ကြီး ဌာနဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဌာနအချင်းချင်း ပူးပေါင်းကူညီဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြား ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*** ကျော်ဖုံးမှ**

ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် တမာနှင့် ဖိုးနီရေလှောင်တမံနှစ်ခုအပါအဝင် လုပ်ငန်းပေါင်း၅၂ခု အကောင်အထည်ဖော် ဆောင်ရွက်ပေးပြီးဖြစ်သဖြင့် ၅၁၃၃ဧက ကို အကျိုးပြု ရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့်လုပ်ငန်း ၁၉ခုဖြစ်သည့် ရေစကြိုမြို့နယ်တွင် ငွေးချိုတမံ၊ ဆင်ကြို့တမံ၊ မြိုင်မြို့နယ်တွင် သဒ္ဒတ်တမံ၊ လပနတမံ၊ မင်းကန်တမံနှင့် တောင်ယမားမြောင်းသစ်၊ ပခုက္ကူမြို့နယ်တွင် စဘေတမံ၊ မကျီးသုံးပင်တမံနှင့် ဆိပ်ဖြူမြို့နယ်တွင် ရေပုတ်တမံတို့ကိုလည်း လာမည့်နှစ် ၂၀၀၇-၂၀၀၈ ခုနှစ် မိုးစပါးစိုက်ရာသီ အမီရေပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရေလှောင်တမံများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန်နှင့် ရေဝေရေလဲဒေသ စိမ်းလန်းစိုပြည်ရေး၊ ရေပေးမြောင်းစနစ်များ မပျက်စီးရေးတို့ကို ဆည်မြောင်းတာတမံစည်းကမ်းများနှင့်အညီ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် မှာကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် တောင်သူကြီးများ၏ လယ်ယာမြေများစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရန် ဆောင်ရွက်ပေးရာတွင် ယခင်ကတစ်ဧကစပါးတင်း၃၀ခန့်ထွက်ရှိသည့် မိုးကောင်းသောက်လယ်မြေများအား ဆည်၊ ရေလှောင်တမံများ၊ ဆည်ငယ်များ၊ မြစ်ချောင်းများ၏ ရေအရင်းအမြစ်ပေါ်အခြေခံ၍ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက် ရေစီမံကိန်းများ တည်ဆောက်ပေးသဖြင့် ရေတော်မိုးတော်လယ်မြေများအဖြစ် ပြောင်းလဲကာ မျိုးလဲလှယ်မှု၊ နည်းပညာပြောင်းလဲမှုများ ဆောင်ရွက်ပေးနိုင်သဖြင့် ပျမ်းမျှစပါးတင်း၁၀၀ကျော်အထိ ထွက်ရှိနိုင်ပြီဖြစ်ကြောင်း၊ ပခုက္ကူခရိုင်တွင် မြိုင်မြို့နယ်၌ သီရိနန္ဒာနှင့် သစ်ကြီးတောတမံနှစ်ခု၊ ရေစကြိုမြို့နယ်၌ မြေခဲတောင်တမံ၊ မြိုင်မြို့နယ်၌ တွင်းမ၊ ပခုက္ကူမြို့နယ်၌ အင်းဘတ်တမံ တည်ဆောက်ပေးခဲ့ကြောင်း၊ ယခုဖွင့်လှစ်သည့် တမာရေလှောင်တမံသည် နိုင်ငံတော်အစိုးရမှ ၁၉၈၈ခုနှစ် နောက်ပိုင်းတည်ဆောက်ပေးလိုက်သည့် ၁၉၄ခုမြောက် ရေလှောင်တမံစီမံကိန်းဖြစ်သကဲ့သို့ ဖိုးနီရေလှောင်တမံသည် ၁၉၅ခုမြောက် ရေလှောင်တမံဖြစ်ကြောင်း၊ ဆိပ်ဖြူမြို့နယ်အတွင်း ထိန်ကန်နှင့် ငွေးပင်ကျေးရွာ အုပ်စုနှစ်ခုရှိ လယ်မြေ ၂၂၅ဧက အကျိုးပြုမည်ဖြစ်ကြောင်း၊ ရေလှောင်တမံများရေရှည်အကျိုးရှိရှိ သုံးစွဲနိုင်ရန်နှင့် တူးမြောင်းများ ရေစီးရေလာကောင်းအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြရန် မှာကြားသည်။

ထို့နောက် ဆိပ်ဖြူမြို့နယ်မှ ဦးဟန်ငြိမ်းက ရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ကျေးဇူးတင်စကား ပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီးဘုန်းမော်ရွှေက တမာရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တမာရေလှောင်တမံ မုခ်ဦးကို ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** တမာရေလှောင်တမံကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

တမာရေလှောင်တမံ

တမာရေလှောင်တမံသည် ဆိပ်ဖြူမြို့နယ် တမာချောင်းကျေးရွာအနီး တမာချောင်းပေါ်၌ တည်ဆောက်ထားကာ တမံ အလျားပေ ၁၆၀၀၊ တမံအမြင့် ၄၃ပေရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ၇၃၅ဧကပေရှိကာ အကျိုးပြုဧက ၁၅၀ဖြစ်သည်။

ဆက်လက်၍ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် ဆက်လက်ဖွင့်လှစ်မည့်ဆိပ်ဖြူမြို့နယ် ဖိုးနီရေလှောင်တမံသို့ ရောက်ရှိကြပြီး ဖိုးနီရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဒုတိယဝန်ကြီးဦးအုန်းမြင့်တို့သည် ဖိုးနီရေလှောင်တမံ မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ရေလှောင်တမံကို လှည့်လည် ကြည့်ရှု စစ်ဆေးကြသည်။

ဖိုးနီရေလှောင်တမံသည် ဆိပ်ဖြူမြို့နယ် ငွေးပင်ကျေးရွာအနီးရှိ ဖိုးနီချောင်းပေါ်၌ တည်ဆောက်ထားပြီး တမံအလျား ၁၀၇၅ပေ၊ တမံအမြင့် ၃၅ပေရှိကာ ကန်ရေပြည့် ရေလှောင်ပမာဏ ၂၈၆ဧကပေရှိပြီး အကျိုးပြုဧကမှာ ၇၅ဧကဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တမာရေလှောင်တမံ

ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်ရှိ တမာရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆည်ရေဖြင့် စပါး၊ ပဲမျိုးစုံနှင့်ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးနိုင်၍ ဒေသဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်းပိုမိုမြင့်မားလာ

■ *ကျော်ဖုံးမှ*

စီမံကိန်းနှင့် ဖိုးနီရေလှောင်တမံစီမံကိန်းတို့ကို မကွေးတိုင်း ဆည်မြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

တမာရေလှောင်တမံ စီမံကိန်းကို တည်ဆောက်ခြင်း အားဖြင့် ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်အတွင်းရှိ လယ်မြေဧက ၁၅၀ကိုလည်းကောင်း၊ ဖိုးနီရေလှောင်တမံ စီမံကိန်းကို တည်ဆောက်ခြင်းဖြင့် ဆိပ်ဖြူမြို့နယ်အတွင်း လယ်မြေ ၇၅ ဧကကိုလည်းကောင်း ဆည်ရေပေးသွင်း စိုက်ပျိုးသွားနိုင်မည် ဖြစ်သည်။

တည်ဆောက်ထား

တမာရေလှောင်တမံစီမံကိန်းကို ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် တမာချောင်း ကျေးရွာအနီး တမာချောင်းပေါ်တွင်လည်းကောင်း၊ ဖိုးနီရေလှောင်တမံစီမံကိန်းကို ဆိပ်ဖြူမြို့နယ် ငွေးပင်ကျေးရွာအနီး ဖိုးနီ ချောင်းပေါ်တွင်လည်းကောင်း တည်ဆောက်ထားသည်

တမာရေလှောင်တမံနှင့် ဖိုးနီရေလှောင်တမံတို့ကို ဖွင့်လှစ်ခဲ့ပြီး ဖြစ်ရာ မြန်မာ့အလင်းသတင်းအဖွဲ့သည် ဇန်နဝါရီ ၁၃ ရက်က သွားရောက်လေ့လာခဲ့ကြသည်။

ဖိုးနီရေလှောင်တမံတွင် ဦးစီးအရာရှိ(မြို့ပြ)ဦးတိုးလင်းအား တွေ့ဆုံမေးမြန်းရာ၌ "ဖိုးနီရေလှောင်တမံကို ၂၀၀၅ ခုနှစ် ဩဂုတ် ၂၅ ရက်က တည်ဆောက်ခဲ့ကြောင်း၊ ၂၀၀၆ခုနှစ် မတ်လ ၂၈ ရက်တွင် ရာနှုန်းပြည့် ပြီးစီးခဲ့ကြောင်း၊ ဖိုးနီရေလှောင်တမံ မတည်ဆောက်မီက မိုးကောင်းသောအနေဖြင့် စပါးဧက ၄၀ လောက် စိုက်ကြကြောင်း၊ ဖိုးနီရေလှောင်တမံ တည်ဆောက်ပြီးသည့်အတွက် လယ် ၇၅ ဧကတိုးချဲ့ စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း၊ ပြီးခဲ့သော ၂၀၀၅-၂၀၀၆ ခုနှစ် စိုက်ပျိုးရာသီတွင် ဆည်ရေဖြင့် မိုးစပါး ၇၅ ဧက စိုက်ပျိုးခဲ့ပြီ ဖြစ်ကြောင်း၊ ၂၀၀၆ ခုနှစ် စက်တင်ဘာလပိုင်းမှစ၍ ဆည်ရေလှောင်ခဲ့ကြောင်း၊ လက်ရှိအခြေအနေမှာ ဆည်ရေဧက ပေ ၅၀ သိုလှောင်ထားရှိကြောင်း"ဖြင့် ပြောပြသည်။

၎င်းနောက် ငွေးပင်ရွာသား တောင်သူ ကိုဝင်းဗိုလ်အား တွေ့ဆုံမေးမြန်းရာ "တောင်သူအလုပ်လုပ်ပါတယ်။ စပါး၊ ကုလားပဲ၊ ပဲစင်းငုံ၊ နှမ်းစိုက်ပါတယ်။ ပဲစင်းငုံ ငါးဧကစိုက်ပျိုးပါတယ်။ ပဲတီစိမ်း ငါးဧက၊ နှမ်း

ခုနစ်ဧက စိုက်ပါတယ်။ စပါး သုံးဧကစိုက်ပါတယ်။ ဒါဟာ အရင်က စိုက်တာပါ။ အရင်က မိုးရွာရင် လာတဲ့ ရေကို အရယူရပါတယ်။ ခံထားတဲ့ ရေ တမံဆည်လေး ကျိုးသွားရင် ရေမရတော့ပါဘူး။ အခုတော့ ဆည်ကရေရတာကြောင့် ရေအတွက် ပူစရာမရှိတာကြောင့် ဝမ်းသာရပါပြီ၊ စိုက်ရေပျိုးရေသာမက သောက်သုံးရေပါရသည့်အတွက် ဆည်ကြောင့် နှစ်သီးစိုက်ပျိုးနိုင်ပြီး ဖောဖောသီသီ စားသုံးနိုင်တော့မှာဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

ဆက်လက်၍ ငွေးပင်ကျေးရွာမှ တောင်သူလယ်သမား ကိုစန်းမိုးအား မေးမြန်းခဲ့ရာ"မိုးစပါးစိုက်ပါတယ်၊ ပဲတီစိမ်းလည်း စိုက်ပါတယ်။ စပါး သုံးဧက၊ ပဲတီစိမ်း နှစ်ဧက တိုးစိုက်ပါတယ်။ ဆည်ကရေရလျှင် စပါးသုံးဧကမှ ထပ်မံပြီး နှစ်ဧက စိုက်ပါမယ်။ ဆည်လာဆောက်လို့ သွားလာရေး လွယ်ကူကြပါတယ်။ ဆည်ဆောက်ပေးတာကြောင့် စပါးစိုက်နိုင်ကြပါပြီ။

ထပ်တိုးစိုက်

"မိုးရွာပေမယ့် ရေမလိုက်လို့ မစိုက်နိုင်ခဲ့တာမျိုး မရှိတော့ပါဘူး။ စပါး နှစ်ဧက ထပ်တိုးစိုက်ပါ့မယ်"

ကိုစန်းမိုး
(ငွေးပင်ရွာသား တောင်သူ)
ဓာတ်ပုံမှတ်တမ်း-အောင်သန်း
(မင်္ဂလာတောင်ညွန့်)

အရင်မိုးရွာပေမယ့် ရေမရလိုက်တာကြောင့် မစိုက်နိုင်တာတွေမျိုး မရှိနိုင်တော့ပါ"ဟု ပြောပြသည်။

တမာရေလှောင်တမံ

ဆက်လက်၍ တမာရေလှောင်တမံသို့ ဆက်လက်၍သွားရောက်ပြီး တွေ့ရှိသည့် တောင်သူများအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ တမာချောင်းကျေးရွာမှ ဦးရွှေပွားအား မေးမြန်းရာ "တောင်သူအဖြစ် လုပ်ကိုင်စားပါတယ်။ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ နှမ်းလည်းစိုက်ပါတယ်။ စပါး၊ နှမ်း

သုံးဧကစိုက်ပါတယ်။ ပဲမျိုးစုံလည်း ငါးဧကစိုက်တယ်။ အရင်တုန်းက မိုးရွာလျှင် တစ်ပိုင်တစ်နိုင် လုပ်ထားသော ဆည်လေးတွေနှင့်ရေခံပြီး စပါးစိုက်ပါတယ်။ ယခင်တုန်းက မိုးကောင်းသောက်ခံထားတဲ့ရေကို အားကိုးရပါတယ်။ မိုးရေခန်းလို့ ရေမရရင် လယ်ပျက်ပါတယ်။ အခုလိုဆည်က ရေပေးလို့ ရေရတော့မှာကြောင့် စိုက်ထားတဲ့စပါးဟာ ခြောက်သွေ့ချိန်မရှိဘဲ ကောင်းလာမှာဖြစ်ပါတယ်။ အခုဆိုရင် မိုးကိုမျှော်စရာမလိုတော့ပါ။ မိုးတစ်သီးပြီးရင် ဆည်ရေကြောင့် နှစ်သီးစိုက်ပျိုးနိုင်ပါမယ်။ ယခုလို နိုင်ငံတော်က ဆည်ကြီးတည်ဆောက်ပေးခဲ့တဲ့အတွက် ဒေသခံပြည်သူတွေအနေနဲ့ ပြောမဆုံးအောင် ဝမ်းပန်းတသာ ပီတိဖြစ်ရပါတယ်ခင်ဗျာ"ဟု ပြောပြသည်။

နှစ်သီးစိုက်

"မိုးတစ်သီးပြီးရင် ဆည်ရေကြောင့် နှစ်သီး စိုက်နိုင်ပါတော့မယ်"

ဦးရွှေပွား
(တမာချောင်းကျေးရွာ၊ တောင်သူ)
ဓာတ်ပုံမှတ်တမ်း-အောင်သန်း
(မင်္ဂလာတောင်ညွန့်)

ထို့နောက် တမာချောင်းရွာသား ကိုစိုးဝင်းအားမေးမြန်းရာ"တမာချောင်းရွာတွင် နေထိုင်ပြီး တောင်သူဖြစ်ကြောင်း၊ စပါးနှင့် ပဲစိုက်ကြောင်း၊ ပဲမျိုးစုံသုံးဧကစိုက်ကြောင်း၊ နိုင်ငံတော်က ဆည်တမံဆောက်ပေးတာကြောင့် လိုအပ်တဲ့အချိန်မှာ ရေသုံးရတာကြောင့် ဖွံ့ဖွံ့ဖြိုးဖြိုးဖြစ်လာမှာပါ။ လမ်းတွေ ဖောက်ထားတာကြောင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးပါ ဖွံ့ဖြိုးလာမှာဖြစ်ကြောင်း၊ နိုင်ငံတော်က ငွေကြေးအကုန်အကျခံ၍ ဆောင်ရွက်ပေးတာကို ကျေးဇူးတင်ကြောင်း၊ ဆည်ရေ ရတော့မှာမို့ မသေချာတဲ့ ဘဝက သေချာတဲ့ဘဝ ရောက်တော့မည်ဖြစ်ကြောင်း" ပြောပြသည်။

"ဖိုးနီရေလှောင်တမံ တည်ဆောက်ပြီးသည့် အတွက် လယ် ၇၅ဧက ကို ဆည်ရေဖြင့် မိုးစပါးတိုးချဲ့စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်"

ဦးတိုးလင်း
(ဦးစီးအရာရှိ)
ဓာတ်ပုံမှတ်တမ်း-
အောင်သန်း
(မင်္ဂလာတောင်ညွန့်)

တမာရေလှောင်တမံ စီမံကိန်းနှင့် ဖိုးနီရေလှောင်တမံစီမံကိန်းများ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် ဒေသဝမ်းစာဖူလုံခြင်း၊ သောက်သုံးရေရရှိခြင်း၊ ဒေသ စိမ်းလန်းစိုပြည်ခြင်းနှင့် တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်လာသည်နှင့် အမျှ ဒေသအတွင်းလူနေမှု အဆင့်အတန်း တိုးမြှင့်လာမည်ဖြစ်၍နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများဖြစ်ပါကြောင်း ကွင်းဆင်းမေးမြန်းဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ငွေးပင်ကျေးရွာအနီး ဖိုးနီချောင်းပေါ်တွင် တည်ရှိသည့် ဖိုးနီရေလှောင်တမံကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-အောင်သန်း (မင်္ဂလာတောင်ညွန့်)

အိမ်မဲကြီး အထက(ခွဲ) အာစရိယ ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

အိမ်မဲကြီးမြို့ အိမ်မဲကြီး အထက (ခွဲ)ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဇန်နဝါရီ ၂၈ရက် နံနက် ၁၁နာရီက အိမ်မဲကြီး အထက(ခွဲ)ခန်း မ၌ ကျင်းပသည်။

ရှေးဦးစွာ ကန်တော့ခံဆရာကြီး ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ဆရာကြီး ဦးမြင့်မောင်နှင့် ဆရာမကြီး ဒေါ်သန်းရီတို့က ဩဝါဒစကားပြောကြားသည်။ ထို့နောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းကြိုင်က ကျေးဇူးတင်စကား ပြောကြားပြီး ပညာရည်ထူးချွန်ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

(က-ပ)

အထက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၃

နှစ်စဉ်ကန်တော့ပွဲသို့ တက်ရောက်ခဲ့ကြသော ဆရာ ဆရာမကြီးများနှင့် ၁၉၉၂-၁၉၉၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက် ၅၀ပြည့် ဆရာ ဆရာမများအား ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)မွန်းလွဲ ၁ နာရီတွင် အထက(၁)တာမွေ ပင်လုံခန်းမ၌ ဆရာကန်တော့ပွဲ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်ကြရန်နှင့် ကျောင်းသားဟောင်းများသည် အလှူငွေများကို ဒေါက်တာသိန်းစိုး ဖုန်း-၀၉-၉၉-၇၂၁၇၉၊ ကိုသက်နိုင်-မမီမီစိုး ဖုန်း-၀၉-၅၁-၆၃၀၀၆၊ ၅၄၆၉၈၈၊ ကိုအောင်ကြည် ဖုန်း-၀၉-၅၀-၁၃၃၂၂၊ မမြတ်မြတ်ခိုင် ဖုန်း-၅၄၀၃၄၂၊ မနီနီလေးမြင့်နှင့် မောင်နှမများ ဖုန်း-၀၉-၉၉-၇၁၇၅၀၊ ကိုကျော်စိုး-မသင်းသင်းအောင် ဖုန်း-၀၉-၉၉-၂၈၅၃၇၊ ကိုစန်းမြင့် ဖုန်း-၀၉-၈၀-၃၂၆၇၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

တိပိဋက=နိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့ နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတော်မူခဲ့သော တိ=နိ (ပင်မ)အဖွဲ့၊ တိ=နိ ရန်ကုန်ဌာန၊ မန္တလေးဌာန၊ စစ်ကိုင်းဌာန၊ ပြင်ဦးလွင်(အနီးစခန်း)ဌာန၊ စာအုပ်စာပေမော်ကွန်း၊ အနုပညာအဖွဲ့၊ သုဘဒ္ဒါအဖွဲ့ အမှုဆောင်များနှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အကျိုးတော်ဆောင်များ တစ်ဖွဲ့လျှင် နှစ်ဦးစီဖြင့် (၂၃)ကြိမ်မြောက် နှစ်ပတ်လည် စုံညီအစည်းအဝေးကို ဆရာတော်ကြီး ပျံလွန်တော်မူသည့် (၁၄)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပမည်ဖြစ်သည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဖေဖော်ဝါရီ ၆ရက် အရောက်လာရောက်ပြီး ဖေဖော်ဝါရီ ၇ရက်၊ ၈ရက် တို့တွင် အမှတ် ၁၂ စကားဝါလမ်း တိပိဋကကျောင်းတော်၌ အစည်းအဝေး ကျင်းပမည်ဖြစ်သဖြင့် မပျက်မကွက် ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ဆွေးနွေးမှာကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

သတင်းစာများ အသွင်သဏ္ဌာန်နှင့် အနှစ်သာရ ပိုမိုကောင်းမွန်ရေးကြိုးပမ်း နိုင်ငံတော်၏မူဝါဒနှင့် ကြိုးပမ်းမှု နိုင်ငံတကာသိရှိနိုင်ရေးပြန်ကြားပေး အနာဂတ်ကိုဦးဆောင်မည့် မျိုးဆက်သစ်များပိုမိုပေါ်ထွန်းလာရေး သတင်းစာများမှတစ်ဆင့် ဦးတည်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက်ဈနာရီခွဲတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက် အစည်းအဝေးခန်းမ၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ၊ စာတည်းမှူးချုပ်များ၊ စာတည်းမှူးများ၊ စာတည်းများ၊ သတင်းထောက်မှူးများ၊ မန်နေဂျာများ၊ သတင်းထောက်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ စာတည်းမှူးချုပ်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး အထွေထွေမန်နေဂျာ ဦးဝင်းတင်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆွေးနွေးမှာကြားရာတွင် ယနေ့တွေ့ဆုံပွဲတွင် လက်တွေ့လုပ်ငန်း ဆောင်ရွက်နေသူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ခြုံငုံသုံးသပ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ထုတ်ဝေဖြန့်ချိနေသော သတင်းစာများ၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရ ပိုမိုတိုးတက် ကောင်းမွန်ရေးအတွက် ဆက်လက်ကြိုးပမ်းမြှင့်တင်ဆောင်ရွက်ရန် အချက်များကို မှာကြားလိုကြောင်း။

ဦးတည်ဆောင်ရွက်

မိမိတို့ သတင်းစာများသည် နိုင်ငံတော်၏ မူဝါဒများနှင့် တိုင်းပြည်ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဖော်ဆောင်မှုများကို ပြည်သူလူထုနှင့် နိုင်ငံတကာမှ ပေါ်လွင်ထင်ရှားစွာ သိရှိနိုင်စေရန်အတွက် အဓိကထားပြီး ပြန်ကြားပေးနေခြင်းဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရင်း တစ်ပြိုင်တည်းမှာပင် နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းစေမည့် သတင်းထူး၊ သတင်းဦးများ၊ သတင်းကဏ္ဍများကို ရယူစုဆောင်း ရေးသားဖော်ပြသွားရန်ဖြစ်ကြောင်း၊ သတင်းစာများမှတစ်ဆင့် အနာဂတ်ကို ဦးဆောင်မည့် မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုပေါ်ထွန်းလာအောင် ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဖြည့်ဆည်းပေး

သတင်းစာများ၏ အသွင်သဏ္ဌာန်ကို သိက္ခာရှိရှိ၊ သမာဓိရှိရှိဖြင့် ဖော်ဆောင်ရမည်ဖြစ်သကဲ့သို့ အနှစ်သာရကိုလည်း စာဖတ်ပရိသတ် နှစ်သက်သဘောကျသည့် သတင်းများဖြင့် ညီညွတ်မျှတစွာ ပေါင်းစပ်ဖွဲ့စည်း ဖော်ပြပေးသွားရမည်ဖြစ်ကြောင်း၊ ယင်းသို့ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း။

တီထွင်ကြံဆ

သို့ဖြစ်၍ တာဝန်ရှိသူအဆင့်ဆင့်တို့က တီထွင်ကြံဆ ကြိုးပမ်းဖော်ဆောင်သွားကြရန်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးမှာကြားသွားသည်။ **(သတင်းစဉ်)**

ရှင်းလင်းတင်ပြ

သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း ရှင်းလင်း တင်ပြစဉ်။ (မြန်မာ့အလင်း)

ဖေဖော်ဝါရီ ၂ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်)က ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ဆိုင်များရှိသည့် အခြေခံပညာကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက ရန်ကုန်မြို့ နယ်နိမိတ်အတွင်း ပထမဦးဆုံး အဆင့်မြင့်ဆုရရှိသည့် အထက(၁)ဒဂုံမှ ကျန်းမာရေးတာဝန်ခံ ဆရာမ ဒေါ်ခင်ငြိမ်းဝေအား ဆုချီးမြှင့်စဉ်။ (က-ပ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရိုဟီသာ ဘိုဂိုလာဂါမာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ဖူဂျီလျှပ်စစ်ပစ္စည်းအသစ်များမိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

Fuji Electric Holding Co.,Ltd.နှင့် Khin Maung Nyunt Trading Co., Ltd. တို့ ပူးပေါင်းပြီး ဖူဂျီလျှပ်စစ်ပစ္စည်းအသစ်များ မိတ်ဆက်ပွဲကို ယမန်နေ့ညနေ၅နာရီခွဲတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ Khin Maung Nyunt Trading Co., Ltd. မှ လက်ထောက်မန်နေဂျာ ဦးရဲထွဋ် **(အောက်ပုံ)** က မိတ်ဆက်စကားပြောကြားပြီး Fuji Electric Holding Co., Ltd. မှ အပြည်ပြည်ဆိုင်ရာ အရောင်းမန်နေဂျာ Mr. Yoshihisa Hayashitani က ဖူဂျီလျှပ်စစ်ပစ္စည်းများအကြောင်းကို ရောင်စုံဆလိုက်များဖြင့် ပြသကာ တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို ဖြေကြား၍ ညစာဖြင့် တည်ခင်းဧည့်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖြန့်ဖြူးပေး

ယင်းဖူဂျီလျှပ်စစ်ပစ္စည်းများကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီး အမှတ်၄၃ ရွှေသရဖီရိပ်မွန် ဖုန်း-၅၃၈၂၃၀၊ ၅၁၃၉၈၇ တို့၌လည်းကောင်း၊ ရွှေတိဂုံဘုရားလမ်းနှင့် တောင်ဒဂုံစက်မှုဇုန်များ၌ ရုံးခွဲများဖွင့်လှစ်ပြီး Low Voltage to High Voltage Electric Product များနှင့် စက်ပစ္စည်းများကို အင်္ဂလန်၊ ပြင်သစ်၊ အီတလီ၊ ဂျပန်၊ တရုတ် (တိုင်ပေ)၊ အိန္ဒိယတို့မှ တင်သွင်း၍လည်းကောင်း ဖြန့်ဖြူးပေးပြီး အချို့လျှပ်စစ်ပစ္စည်းများကို တောင်ဒဂုံစက်မှုဇုန်ရှိ စက်ရုံမှထုတ်လုပ်ပြီး ဈေးကွက်များသို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိတ်ပညာမိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

(၁၄)ကြိမ်မြောက် စိတ်ပညာမိသားစု အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်(စနေနေ့) နံနက်၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်စာများ ပေးပို့သော်လည်း လိပ်စာပြောင်းလဲမှုရှိနိုင်၍ နှိုးဆော်စာ မရောက်ပါကလည်း တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန ဖုန်း-၅၃၇၃၇၅၊ ဒေါ်သက်ထားဝင်း (တွဲဖက်ပါမောက္ခ) ဖုန်း-၅၀၂၈၆၃၊ ဦးတင်ကိုကို ဖုန်း-၂၄၃၁၅၁၊ ဦးဝင်းမြင့် ဖုန်း-၀၉-၉၉-၂၆၄၂၉ နှင့် ဦးကျော်ခိုင် ဖုန်း-၂၄၆၁၄၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် (၁၄၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်ရှိ အမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏(၁၄၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်ကို ဖေဖော်ဝါရီ ၅ရက်မှ ၁၅ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ၅ရက် ညနေ ၅နာရီခွဲတွင် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပြီး ဖေဖော်ဝါရီ ၆ရက်မှ၈ရက်အထိ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော် မည်ဖြစ်သည်။ ဖေဖော်ဝါရီ ၈ရက် ညနေ၅နာရီတွင် ဘုရားပွဲတော်ဖွင့်ပွဲ ကျင်းပပြီး ၁၅ရက်အထိ ဇာတ်သဘင်အဖွဲ့ဖြင့်ဖျော်ဖြေပြီး ဖေဖော်ဝါရီ ၁၅ရက်ညနေ၄နာရီတွင် ပင့်သံဃာအပါး၂၀၀တို့အား ဆွမ်းဆန်စိမ်းလောင်း လှူ၍ စာရေးတံမဲဖောက် လှူဒါန်းမည်ဖြစ်သည်။ ထို့ပြင်ရင်ပြင်တော်ပေါ်ရှိ ရှေးဟောင်းသာသနိကအဆောက်အအုံများ ပြင်ဆင်မွမ်းမံခြင်းနှင့် တောင်ဘက် စောင်းတန်းတော်ကြီးတည်ဆောက်ခြင်းအတွက် လှူဒါန်းနိုင်ကြောင်းနှင့်စေတီ တော်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း လုပ်ငန်းအတွက် ကိုးလက်မပတ်လည် ရွှေပြားတစ်ချပ်လျှင် ငွေကျပ်၁၅၀၀၀နှုန်းဖြင့် လှူဒါန်း နိုင်ကြောင်း၊ ပွဲတော်ကာလ ဆွမ်း၊ ကွမ်း လှူဒါန်းလိုသူ အလှူရှင်များသည် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဖုန်ရင်ရေခဲတောင်သို့ အောင်မြင်စွာတက်ရောက်ခဲ့ကြသည့် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း ဗဟိုအတွင်းရေးမှူး လူငယ်တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တို့သည် ဇန်နဝါရီ၂၈ရက် ညနေပိုင်းတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာလှုပ်ရှားမှု(ခြေလျင်နှင့်တောင်တက်)အဖြစ် အမြင့်ပေ၁၄၁၀၀ရှိ ဖုန်ရင်ရေခဲ တောင်သို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များအား ဂုဏ်ပြုပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်နယ်နှင့်တိုင်းများမှ လူငယ်မောင်/မယ်များ ကချင်ပြည်နယ် ပူတာအိုခရိုင် ဖုန်ရင်ရေခဲတောင်ပေါ်တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (ဆက်သွယ်ရေး)

အခမ်းအနားတွင် မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဗဟိုအတွင်းရေးမှူး လူငယ်တာဝန်ခံ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်တို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အသင်းချုပ်အတွင်းရေးမှူး တောင်တက်အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မောင်က အမြင့်ပေ ၁၄၁၀၀ရှိ ဖုန်ရင်ရေခဲတောင်သို့ တက်ရောက်ခဲ့မှုအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူး လူငယ်တာဝန်ခံ ဝန်ကြီးတို့က ဂုဏ်ပြုလက်ဆောင်များ အသီးသီး ပေးအပ်ရာ လူငယ်မောင်၊ မယ်များက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

အောင်မြင်စွာတက်ရောက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်နယ်နှင့်တိုင်းများမှ လူငယ်မောင်၊ မယ်များသည် ၂၀၀၇ ခုနှစ် ဇန်နဝါရီ၁၅ရက်မှ ၂၄ရက်အထိ ကချင်ပြည်နယ် ပူတာအိုခရိုင်ရှိ အမြင့် ပေ၁၄၁၀၀ရှိ ဖုန်ရင်ရေခဲတောင်သို့ တက်ရောက်ခဲ့ပြီး ယမန်နှစ်ကလည်း အမြင့်ပေ၁၁၅၀၀ရှိ ဖုန်ကန်ရာဇီ ရေခဲတောင်သို့ အောင်မြင်စွာတက်ရောက်ခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ ကျောဖုံးမှ

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ကိုကိုးကျွန်းမြို့ နယ် ဇိနမာရဇိန်စေတီတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ရေချမ်း၊ ဆီမီး နှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ် လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် စေတီတော် ရင်ပြင် တော် အာရုံခံတန်ဆောင်း ရေစက်ချပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညို သည်။

ရှေးဦးစွာ ကိုကိုးကျွန်းမြို့နယ် မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သာသနာ့မဏ္ဍိုင်ကျောင်းတိုက် ဆရာ တော်ဘဒ္ဒန္တကောဝိဒါစာရထံမှ ငါးပါး သီလကို ခံယူ ဆောက်တည်ကြပြီး တိုင်းမှူး၊ ဝန်ကြီး၊မြို့တော်ဝန်နှင့် တာဝန် ရှိသူများက ဆရာတော်အရှင်သူမြတ်တို့ အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ဦးကျော်လွင်မိုး (Ayeyarwaddy Group)က စေတီ တော် ရင်ပြင်တော်ပေါ်၌ နေပူခံ ကျောက်ပြားခင်းရန်အတွက် အလှူ ငွေကျပ် ၅၁၄၅၀၀၀ကို တိုင်းမှူးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဧည့်ပရိသတ်များက မြို့နယ် သံဃမဟာနာယကဆရာတော် ဟောကြားတော်မူသော အနုမောဒနာ တရားကိုနာယူကြပြီး လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းချ အမျှပေးဝေ ကာ အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ထောက်ပံ့ပစ္စည်းများပေးအပ်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီး တို့သည် ကိုကိုးကျွန်းမြို့နယ် ရဲတပ်ဖွဲ့ စခန်း၏ စားဖိုဆောင်သီးနှံ ၁၀မျိုး ၁၀ပေါင်၊ စင်တစ်စင် စိုက်ခင်းနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ထောက်ပံ့ ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် မြို့နယ်အားကစား ကွင်းနှင့် မြို့နယ်ခန်းမတည်ဆောက် မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ကိုကိုးကျွန်းမြို့ ပတ်လမ်းပေါ်၌ တည်ဆောက်ထား သည့် အရှည်ပေ၂၀၊အကျယ် ၁၂ ပေရှိ ကွန်ကရစ်တံတား အမှတ်(၂)ကိုလည်း ကောင်း၊ အရှည် ၁၁၉၃ ပေရှိ ယာဉ် ဆင်းတံတားနှင့် မြို့အဝင် ဆိုင်းဘုတ်ကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေး ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး နှင့် မြို့တော်ဝန်တို့သည် ကိုကိုးကျွန်း မြို့နယ် အခြေခံပညာအထက်တန်း ကျောင်းသို့ ရောက်ရှိလာပြီး နေ့စဉ် ထုတ်သတင်းစာများကို သတင်းအချက် အလက် ဆက်သွယ်မှု နည်းပညာဖြင့် ဆင့်ပွားထုတ်ဝေထားရှိမှုကို လည်း ကောင်း၊ အိမ်တွင်းမှုခန်းကို လည်း ကောင်း၊ ကျောင်းစာကြည့်တိုက် ကို လည်းကောင်း၊ ကျောင်းရှိ Audio Teaching Unitနှင့် Audio Visual Room များအတွင်း ခေတ်မီ သင်ကြား မှု၊ သင်ယူမှုအထောက်အကူပြု ပစ္စည်း များဖြင့် ကျောင်းသားကျောင်းသူများ ပညာသင်ယူနေမှုကို လည်းကောင်း၊ သတင်းအချက်အလက် ဆက်သွယ်မှု နည်းပညာဖြင့် နေ့စဉ်ထုတ်သတင်းစာ များကို ဆင့်ပွား ထုတ်ဝေပြသမှုကို လည်းကောင်း ကြည့်ရှုကြပြီး ကျောင်း ရုံးခန်း၌ တိုင်းမှူးက ကျောင်းသား ကျောင်းသူများအတွက် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပစ္စည်းများ၊ ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ လှူဒါန်းသည့်လှူဒါန်းငွေကျပ် တစ်သိန်း၊ ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်မျိုးစုံနှင့် လက်ဆောင် ပစ္စည်းများကို ကျောင်းအုပ်ဆရာကြီး နှင့် ဆရာ ဆရာမများထံ ပေးအပ်သည်။

အားပေး

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ကိုကိုးကျွန်းမြို့ နယ် (၁၆)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ ဆေးရုံသို့သွားရောက်၍ လူနာများအား လိုက်လံ အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ဆေးရုံ၌ အသက် ကိုးလမှ ငါးနှစ်အထိ ရင်သွေးငယ်များ အား ဝက်သက်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးကြ ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဆေးရုံခန်းမ၌ တိုင်းမှူးက ဆေးရုံ၌ အသုံးပြုရန်အတွက် တစ်ခါသုံး ဆေးထိုးအပ်များကိုပေးအပ် လှူဒါန်းရာ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနေဝင်းသွင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

စားစရာများဝေငှ

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ကိုကိုးကျွန်းမြို့နယ် မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ရင်သွေးငယ်များ၏ ကဗျာ ရွတ်ဆိုပြသ မှုကို ကြည့်ရှုအားပေးကြပြီး ရင်သွေး ငယ်များအား စားစရာများ ဝေငှပေးအပ် ကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး နှင့် မြို့တော်ဝန်တို့သည် ကိုကိုးကျွန်း မြို့နယ် ဆက်သွယ်ရေးစခန်းသို့ သွား ရောက်၍ Government On Line System အကောင်အထည်ဖော် ဆောင် ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံ ပြည်သူတို့၏ ဆက်သွယ်မှုစနစ် မြန်ဆန် တိုးတက်ကောင်းမွန်စေရေးနှင့် အစိုးရဌာနဆိုင်ရာများနှင့် စာပေးစာယူ နှင့် ဆက်သွယ်မှု မြန်ဆန် ချောမွေ့ စေရေးအလေးထား ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့် ဆည်းပေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဝင်းအတွင်း၌ မွေးမြူဖြစ်ထွန်းလျက်ရှိ သည့် ရစ်မွေးမြူရေးခြံနှင့် စားဖိုဆောင် သီးနှံ ၁၀မျိုး ၁၀ပေါင်၊ စင်တစ်စင် စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးကြ သည်။

တွေ့ဆုံ

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ရုံးခန်းမ၌ ဌာနဆိုင် ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ အားတွေ့ဆုံသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်းက နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေ၊ ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက် ပေးမည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မိသားစု ဝင်ငွေတိုးတက်စေရေးအတွက် တစ်ပိုင် တစ်နိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ၊ ဒေသထွက် လက်မှု ပစ္စည်းများကို တိုးချဲ့ဆောင်ရွက်ကြရေး ရှင်းလင်း အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ပြည်ထဲရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာန ဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်း ဆောင်ရွက်ကြရမည့် လုပ်ငန်းတာဝန် များနှင့် ပတ်သက်၍ ရှင်းလင်းပြော ကြားကြသည်။

ယင်းနောက် ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်နိုင်ဦး က မြို့နယ်ဖွံ့ဖြိုးရေး၊ တိုးတက်ရေး အတွက် လိုအပ်ချက်များကိုတင်ပြရာ တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့က ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူးက မြို့နယ် စာကြည့်တိုက်နှင့် မြို့နယ်အခြေခံပညာ အထက်တန်းကျောင်းအတွက် နိုင်ငံ တော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်မိသားစုက လှူဒါန်းသည့် သုတရသစာအုပ်မျိုးစုံ နှင့် မြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် ငွေကျပ်၁၅သိန်း တို့ကိုလည်းကောင်း၊ ဝန်ကြီးဗိုလ်ချုပ် မောင်ဦးက မြို့နယ်၌ တာဝန်ထမ်း ဆောင်လျက်ရှိသည့် ဝန်ထမ်းများ အတွက် ဝတ်စုံများနှင့် လက်ဆောင် ပစ္စည်းများကိုလည်းကောင်း၊ မြို့တော် ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက မြို့ နယ်အတွင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအတွက် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ ဦးတင်ဝင်းအောင် (ဥက္ကဋ္ဌ၊ MCC Company)က ငွေကျပ်ခြောက်သိန်း တန်ဖိုးရှိ ကွန်ပျူတာတစ်စုံကိုလည်း ကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန် ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးက နိဂုံးချုပ် အမှာစကားပြောကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် ဒေသထွက်အုန်းခွံ များကို အုန်းခွံဖြတ်ကိရိယာဖြင့်ဖြတ်၍ သစ်ခွစိုက်ပျိုးရေးလုပ်ငန်း၌ အသုံးပြု သည့် အောက်ခံအုန်းခွံတုံး လက်တွေ့ ပြုလုပ်ပြသမှုကိုကြည့်ရှုအားပေးကြပြီး ကိုကိုးကျွန်းမြို့နယ်မှ ပြန်လည်ထွက်ခွာ ခဲ့ကြရာ ရန်ကုန်မြို့သို့ ညနေ ၃နာရီတွင် ပြန်လည်ရောက်ရှိကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အစည်းအဝေးတက်ရောက်ရန် ကင်ညာနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဖေဖော်ဝါရီ ၃

ပတ်ဝန်းကျင် ထိန်းသိမ်းရေးအမျိုးသားကော်မရှင် ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ဖေဖော်ဝါရီ ၅ရက်မှ ၉ရက်အထိ ကျင်းပမည့် ကမ္ဘာ့ကုလသမဂ္ဂပတ် ဝန်းကျင်ဆိုင်ရာ အစီအစဉ် (UNEP) အုပ်ချုပ်မှုကောင်စီ ၏ (၂၄)ကြိမ်မြောက် အစည်းအဝေးနှင့် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးအဆင့် ဖိုရမ် တက် ရောက်ရန် ဖေဖော်ဝါရီ၂ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် လေဆိပ်မှ ထွက်ခွာရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် အားကစားဝန်ကြီး ဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တို့က လိုက်ပါ ပို့ဆောင် နှုတ်ဆက်ကြသည်။

လိုက်ပါ

ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် သစ်တောရေးရာ ဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးသန်းဆွေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး ဒေါက်တာစန်းဝင်းတို့ လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း (၁၁)ကြိမ်မြောက် မြို့မ ထမနဲပွဲဖွင့်ပွဲကို ဇန်နဝါရီ ၃၁ ရက်က အမှတ် ၆၈ စကားဝါလမ်းရှိ အသင်း တိုက်ရှေ့ မြို့မမြက်ခင်းပြင်တွင်ကျင်းပရာ အသင်းဥက္ကဋ္ဌဦးတင့်ဆွေ ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးစဉ်။ (က-ပ)

ရန်ကင်းမြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း မိဘဆရာ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၃ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ငါးနှစ် ဆက်တိုက် ထူးချွန်ဆုရ မလွင်လွင်မျိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက ဆုချီးမြှင့်စဉ်။ (က-ပ)

ပါတီအပေါ် စိတ်ဝင်စားမှုမရှိတော့သဖြင့် ပုသိမ်ကြီးမြို့နယ် NLD ပါတီဝင်တစ်ဦး နုတ်ထွက်

ရန်ကုန် ဖေဖော်ဝါရီ ၃

မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးနေဦးသည် ဇန်နဝါရီ၂၃ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း၊ ၎င်း၏ဆန္ဒအလျောက် နုတ်ထွက်လွှာ ကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ် သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့လည်း ကောင်း နုတ်ထွက်လွှာပေးပို့ နုတ်ထွက်ခဲ့သည်။

ပုသိမ်ကြီးမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ ရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် နိုင်ငံနှင့်လူမျိုးအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်းမရှိသဖြင့် NLD ပါတီနှင့် ပါတီလုပ်ငန်းများအပေါ် စိတ်ဝင်စားမှု မရှိတော့၍ မိမိဆန္ဒ အလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရ၏ မွန်မြတ်သော စေတနာကြောင့်

ဝင့်ထည်စွာပေါ်ထွန်းလာခဲ့သည့် ရခိုင်ပြည်နယ်မှ အိပ်မက်လမ်းမကြီး

ကျော်မင်းခေါင်

ညို့မှိုင်းပြာမှောင်သော ရိုးမတောင်တန်းကြီး၊ ကြီးမားကျယ်ပြန့်သော ပင်လယ်ပြာကြီးတို့ဖြင့် ရစ်သိုင်းလွှမ်းပတ်ထားသော ဒေသတစ်ခုသည်ကား အမိမြန်မာနိုင်ငံတော်၏ အနောက်ဘက်စွန်းမှ ရခိုင်သွေးချင်းတို့ နေထိုင်ရာ ရခိုင်ပြည်နယ်ဖြစ်၏။ ရခိုင်ပြည်နယ်သည် သားငါးသီးနှံပေါကြွယ်ဝသော ပြည်နယ်တစ်ခုဖြစ်သည့်အပြင် စိုက်ပျိုးရေးအတွက် ကောင်းမွန်မှုတသော ရာသီဥတုရှိ၏။ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်သော ရေတံခွန်ကြီးများရှိ၏။ သစ်မျိုးစုံထုတ်လုပ်နိုင်သော သစ်တောကြီးများရှိ၏။ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲစသော မြို့များသည် ရေနက်ဆိပ်ကမ်းမြို့ကြီးများ ဖြစ်ကြ၏။ ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်ရန် ရေခံမြေခံကောင်းများ များစွာရှိသော်လည်း အဓိကကျသော လမ်းပန်းဆက်သွယ်ရေးမှာ လွန်စွာခက်ခဲခဲ့သဖြင့် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ အရပ်ရပ်မှာ ၁၉၈၈ခုနှစ် မတိုင်မီက အစဉ်အမြဲ အနုတ်လက္ခဏာပြနေ၏။ သွေးချင်းမောင်နှမများမှာလည်း ကူးလူးဆက်ဆံမှုနည်းပါးခဲ့ကြရ၏။

ရခိုင်ပြည်နယ်သို့ ဆက်သွယ်သွားရောက်ရန် လမ်းကြောင်းဆိုသည်မှာလည်း ရိုးမတောင်တန်းကြီးကို လေယာဉ်ဖြင့် ဝေဟင်မှ ကျော်ဖြတ်သွားရမည့်လေကြောင်းလမ်းနှင့် ကျယ်ဝန်းသောပင်လယ်ပြင်ကြီးကိုပင်လယ်ကူးသင်္ဘောကြီးဖြင့် ဖြတ်သန်းသွားရမည့် ရေကြောင်းလမ်းဟူ၍ လမ်းကြောင်းနှစ်မျိုးသာရှိခဲ့၏။ ရာသီဥတုအခြေအနေကြောင့် သင်္ဘောထွက်၍မရ၊ လေယာဉ်ပျံသန်း၍ မရသည့်အနေအထားမျိုး ရှိသည့်အခါ ရခိုင်ပြည်နယ်သို့ ဆက်သွယ်သွားရောက်ရန် လမ်းကြောင်းမှာ နတ္ထိပင်ဖြစ်ခဲ့ချေ၏။

အမိနိုင်ငံတော်ကို ကျွန်ပြုအုပ်ချုပ်သွားခဲ့သော နယ်ချဲ့ဗြိတိသျှတို့သည် ဒေသခံပြည်သူတို့ထံမှ အခွန်အကောက်ကို တနင့်တပိုး ကောက်ယူခဲ့ကြသော်လည်း ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းတစ်လမ်း၊ တံတားတစ်စင်းပင် ဖောက်လုပ်တည်ဆောက် ပေးခြင်းမရှိခဲ့ချေ။ ယင်းအခြေအနေနှင့် ပတ်သက်၍ ၁၈၇၆ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့ထုတ် Arakan Newsသတင်းစာတွင် ဗြိတိသျှလူမျိုး ဆောင်းပါးရှင်ဂျေ၊ အိုဂျီဗယ်ဟေး(J. Ogilvy Hay)ဆိုသူက “ရခိုင်ဒေသသည် ဗြိတိသျှလက်အောက်သို့ ရောက်ရှိခဲ့သည်မှာ နှစ်ပေါင်း (၅၀)ကြာမြင့်ခဲ့ပြီဖြစ်သည်။ ဗြိတိသျှအစိုးရက ရခိုင်ပြည်သူတို့ထံမှ ကောက်ခံရရှိသော အခွန်ငွေမှာ တစ်နှစ်လျှင် ငွေကျပ်သိန်း ၂၀ခန့် ရှိသော်လည်း ရခိုင်ဒေသအတွက် မိုင် ၅၀ ရှိသော လမ်းတစ်လမ်းကိုပင် ဖောက်လုပ်ပေးခြင်း မရှိသေးချေ” ဟူ၍ အခြေအနေမှန်ကို ပြတ်သားရှင်းလင်းစွာ ရေးသားဖော်ပြခဲ့၏။

နယ်ချဲ့ဗြိတိသျှလက်အောက်မှ သွေးချင်း သားချင်း တိုင်းရင်းသားတို့၏ အခြေအနေသည်ကား လမ်းပန်းဆက်သွယ်ရေးကအစ အစစအရာရာ အောက်ကျနောက်ကျ ဖြစ်ခဲ့ရ၏။ အမိနိုင်ငံတော်ကို ကျူးကျော်အုပ်ချုပ်ခဲ့သည့် နယ်ချဲ့ဗြိတိသျှတို့အဖို့ “မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ” ဆိုသကဲ့သို့ နိုင်ငံတော်အတွင်း ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာမှု ခက်ခဲလေလေ၊ ၎င်းတို့အဖို့ အကြိုက်တွေ့လေပင် ဖြစ်ချေ၏။ တိုင်းရင်းသားသွေးချင်းများ တစ်ဦးနှင့်တစ်ဦး ထိတွေ့ဆက်ဆံမှုနည်းပါးခြင်းသည် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုစနစ်(Divide and Rule)ကို များစွာ အထောက်အကူပြု၏။ ညီနောင်သွေးချင်းတို့ တစ်ဦးနှင့်တစ်ဦး ကူးလူးယှက်နွှယ် ချစ်ကြိုးသွယ်ကာ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာမှု လွယ်ကူသွားပြီး တိုင်းရင်းသား သွေးစည်းချစ်ကြည်မှုခိုင်မာသွားခဲ့လျှင် နယ်ချဲ့တို့၏ ကိုလိုနီအုပ်ချုပ်ရေးကို ကိုင်လှုပ်တော့မည်ဖြစ်ချေ၏။ သို့ကြောင့်ပင် နယ်ချဲ့ဗြိတိသျှတို့သည် ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှု အခက်အခဲကို သိလျက်နှင့်ပင် မျက်ကွယ်ပြုခဲ့ချေ၏။

အမိနိုင်ငံတော် လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်း အဆက်ဆက်သော အစိုးရများသည်လည်း ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်အောင် မလုပ်ဆောင်နိုင်ခဲ့ကြပေ။ မျက်မှောက်ကာလ တပ်မတော်အစိုးရ လက်ထက်တွင်မူ သွေးချင်းတို့၏ ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်သော လမ်းပန်းဆက်သွယ်မှုကောင်းမွန်တိုးတက်ရေးကို အထူးဦးစားပေး ဆောင်ရွက်ခဲ့၏။ ခေတ်အဆက်ဆက်မှ ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှု အခက်အခဲကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မှန်ကန်စွာရှုမြင်သုံးသပ်အကဲခတ်မိခဲ့၏။ ဗိုလ်ချုပ်မှူးကြီးက **“ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးခက်ခဲကြောင်း၊ ပြည်သူအများစုသည် ရေလမ်းခရီးကိုသာ အဓိကထားသွားလာနေရကြောင်း။ ရာသီဥတု ဆိုးရွားခြင်း၊ သင်္ဘောစင်းရေနည်းပါးခြင်း၊ လမ်းခရီးရက်ရှည် ကြာခြင်းတို့ကြောင့် ဆက်သွယ်မှုပြတ်တောက်သည့် အနေအထားဖြစ်ခဲ့ကြောင်း၊ လေကြောင်းခရီးတွင်လည်း လူနည်းစု သွားလာရေးအတွက်သာ အထောက်အကူပြုကြောင်း၊ ယင်းသို့ ခေတ်အဆက်ဆက် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိသည့်အတွက် ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်နေသော ရခိုင်ပြည်နယ်ကို မိမိတို့လက်ထက်တွင် တိုးတက်အောင် ဆောင်ရွက်ရမည်”**ဖြစ်ကြောင်း လမ်းညွှန်မိန့်ကြားပြီး အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ ရခိုင်ပြည်နယ်အပေါ် ထားရှိသည့် မွန်မြတ်သည့် စေတနာတရားကြောင့် ယခုအခါ ရခိုင်ပြည်နယ်အတွင်း လမ်း၊တံတားများစွာ အစီအရီ ပေါ်ထွန်းလာခဲ့ပြီ။ ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ပိတ်ဆို့နေမှုကို အောင်မြင်စွာ တွန်းလှန်ဖယ်ရှားနိုင်ခဲ့သည့် သာဓကတစ်ခုအနေဖြင့် ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီးသည် ခံ့ထည်စွာပေါ်ထွန်းလာခဲ့၏။

ဆက်လက်၍ ရခိုင်ပြည်နယ်ကို ပိုမိုတိုးတက်ဖွံ့ဖြိုးစေလိုသော မွန်မြတ်သည့် စေတနာဖြင့် ဒေသတွင်း လမ်းပန်းဆက်သွယ်မှု ပိုမိုလျင်မြန်ချောမွေ့သွားစေရန်နှင့် ရခိုင်ပြည်နယ်အတွင်း ကားလမ်းများ ကွန်ရက်သဖွယ်ယှက်နွှယ်သွားပြီး ပြည်နယ်၊ တိုင်း အသီးသီးနှင့် ဆက်သွယ်သွားလာမှုပိုမိုအဆင်ပြေ တိုးတက်သွားစေရန်တို့အတွက် နိုင်ငံတော်အကြီးအကဲ၏ အစီအမံလမ်းညွှန်မှုဖြင့် ရခိုင်ပြည်နယ်အတွင်းမှ ဒုတိယမြောက် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် အရှည် ၄၀၇ ဒသမ ၃မိုင်ရှိ ရန်ကုန်-ကျောက်ဖြူလမ်းမကြီးကို ၂၀၀၁ခုနှစ် ဒီဇင်ဘာလ ၁ရက်နေ့မှ စတင်ဖောက်လုပ်ခဲ့၏။

ရခိုင်ပြည်နယ်၏ ရေမြေအနေအထားသည် တောတောင်များ၊ မြစ်ချောင်းများ၊ ရွှံ့ညွှန်များ၊ ဒီရေတောများ၊ ကျွန်းကြီးကျွန်းငယ်များ၊ မြေပြန့်လွင်ပြင်များဖြင့် ဆက်စပ်ဖွဲ့စည်းထားသည့်အတွက် ရန်ကုန်-ကျောက်ဖြူလမ်းမကြီး ဖောက်လုပ်ရာတွင် မြစ်ချောင်းကိုကျော်၊ တောတောင်ကိုဖြတ်ပြီး ခက်ခက်ခဲခဲ ဖောက်လုပ်ခဲ့ရ၏။ ရန်ကုန်- ကျောက်ဖြူလမ်းမကြီးကို တောင်ကုတ်-မအီ အပိုင်း၊ မအီ-စနဲ(ခုံမင်ဘုရား)အပိုင်း၊ စနဲ(ခုံမင်ဘုရား)-ကျောက်ဖြူအပိုင်းဟူ၍ အပိုင်းသုံးပိုင်းခွဲပြီး ဖောက်လုပ်ခဲ့၏။ အထူးသဖြင့် ရန်ကုန်-ကျောက်ဖြူ လမ်းမကြီး၌ မအီ-စနဲ (ခုံမင်ဘုရား)အပိုင်းတွင် မအီ(ပြင်ဝှမ်း)မှ (စနဲ-ခုံမင်ဘုရားအနီး) မိုင် ၈/၁မှ မိုင် ၂၆/၀အထိသည် သံဇာစ်မြစ်နှင့် ကလိန်တောင်မြစ်အကြားတွင် ရှိနေခဲ့သည်။ ဗြူးတောရေမြုပ်ရွှံ့ညွှန်ပျော့ မြေပိုင်းဖြစ်သဖြင့် ဒီရေရွှံ့ညွှန်တော(Swamp Portion)အောက်ခြေရှိ ရွှံ့ညွှန်၊ အမှိုက်၊ သစ်ငုတ်များကို ခဲရာခဲဆစ် ခုတ်ခြစ်ဖယ်ရှားကာ မြေအားဖြည့်ခြင်း နည်းပညာ(Geotextile)ကို အသုံးပြုလျက် အမာခံလမ်းသား ပေါ်ပေါက်အောင် ခက်ခက်ခဲခဲ ဖောက်လုပ်ခဲ့ရ၏။ ရန်ကုန်-ကျောက်ဖြူ ကားလမ်းတစ်လျှောက်တွင် တောင်ကုတ်-မအီလမ်း အပိုင်း၌-

အရှည်ပေ ၅၄၀ ရှိ ကိုင်းရှည်တံတား
အရှည်ပေ ၆၀၀ ရှိ တန်းလွှဲချောင်းတံတား
အရှည်ပေ ၂၀၀ ရှိ ဆားပြင်ချောင်း(သစ်သားတံတား)
အရှည်ပေ ၅၀၀ ရှိ လမူးချောင်းတံတားနှင့်
အရှည်ပေ ၉၄၀ ရှိ မအီမြစ်ကူးတံတား

စသည့် တံတားကြီး ငါးစင်း ပါဝင်သည်။

မအီ-စနဲ (ခုံမင်ဘုရား)လမ်း အပိုင်း၌လည်း-

အရှည်ပေ ၃၀၀ ရှိ ကျောက်ကြီးပေါက်တံတား
အရှည် ၇၈၉ ဒသမ ၃၄ ပေရှိ စနဲပေါက်တံတား
အရှည် ၁၁၅၄ ဒသမ ၅ ပေရှိ လုံးတော်ပေါက်တံတား
အရှည် ၄၇၂ ဒသမ ၄ ပေရှိ သံသမကြီးတံတား
အရှည် ၇၀၇ ဒသမ ၃ ပေရှိ သံသမချေတံတား
အရှည် ၅၉၂ ဒသမ ၄ ပေရှိ သဇင်တန်ပေါက်တံတား
အရှည် ၇၀၇ ဒသမ ၄ ပေရှိ ဝန်ဖိုက်တံတားနှင့်
အရှည် ၂၇၀၄ ဒသမ ၂ ပေရှိ မင်းကြောင်းချောင်းတံတား

တို့ပါဝင်၏။

မင်းကြောင်းချောင်းတံတားသည် တောင်ကုတ်နှင့် ကျောက်ဖြူကြားတွင် တည်ဆောက်ခဲ့သည့် မြစ်ကူး၊ ချောင်းကူးတံတားကြီး ၁၃စင်းအနက် အရှည်ဆုံးတံတားဖြစ်၏။ ယင်းတံတားကြီးများအတွက် နိုင်ငံတော်က နိုင်ငံခြားငွေကြေးအပါအဝင် ကျပ်ငွေသန်းပေါင်း ထောင်ချီသုံးစွဲခဲ့ရ၏။

မြစ်ချောင်းကိုကျော်၊ တောတောင်ကိုဖြတ်၍ မြန်မာအင်ဂျင်နီယာများ၏ စွမ်းပကား၊ ကာယဉာဏလုပ်သားကြီးများ၏ လုပ်အား၊ မြန်မာ့တပ်မတော်သားများ၏ လုပ်အားဖြင့် ခဲရာခဲဆစ် ဖောက်လုပ်ခဲ့ရသော ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးကို ၂၀၀၆ခုနှစ် ဧပြီလ ၁၇ရက်နေ့ (မြန်မာနှစ်ဆန်းတစ်ရက်နေ့) နံနက်ပိုင်းက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တက်ရောက် ဖွင့်လှစ်ပေးခဲ့၏။

ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးသည် တောင်ကုတ်တောင်ကြားလမ်းမှတစ်ဆင့် ပဲခူး၊ မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းတို့ကို လည်းကောင်း၊ ဂွ-သပိုင်းချောင်း ထွက်ပေါက်မှတစ်ဆင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းတို့ကိုလည်းကောင်း တစ်ဆက်တည်းဖြစ်အောင် ရေကြော၊ မြေကြော ဆက်ပေးနိုင်သည့်အတွက် နေပြည်တော်-မကွေး-ကျောက်ဖြူလမ်း၊ တောင်ငူ-ပြည်-ကျောက်ဖြူလမ်း၊ ပုသိမ်-ကျောက်ဖြူလမ်းစသည်ဖြင့် ဒေသအားလုံးနှင့် ဆက်စပ်မိသည့် ပြည်ထောင်စု လမ်းမကြီးဖြစ်၏။ ရခိုင်ပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းကို ဆက်စပ်ပေးလိုက်သည့် ရခိုင်ကမ်းရိုးတန်း လမ်းမကြီးလည်းဖြစ်၏။

ရခိုင်ပြည်နယ်၊ ကျောက်ဖြူနှင့်ရမ်းဗြဲမြို့နယ်နေ ပြည်သူများသည် ယခင်က ပင်လယ်ထွက်ပေါက်ကိုသာ အားကိုးနေခဲ့ရရာမှ ယခုအခါ ရန်ကုန်-ကျောက်ဖြူလမ်းမကြီးပေါ်မှ မော်တော်ကားဖြင့် ဖြတ်သန်းကာ အချိန်တိုအတွင်း အခြားပြည်နယ်၊ တိုင်းများသို့ ဆက်သွယ်သွားလာပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်ပြီဖြစ်၏။ ခေတ်အဆက်ဆက်က ရေလမ်းကိုသာ အားကိုးနေခဲ့ကြရသည့် ကျောက်ဖြူမြို့၊ ရမ်းဗြဲမြို့နှင့် ရမ်းဗြဲကျွန်းပေါ်ရှိ ရွာပေါင်း ၄၈၀၌ နေထိုင်ကြသည့် ပြည်သူသုံးသိန်းကျော်အတွက် ကုန်းလမ်းထွက်ပေါက်ကြီး ခိုင်ခိုင်မာမာ ရရှိသွားခဲ့ပြီဖြစ်၏။ နိုင်ငံတော်အကြီးအကဲ၏ စေတနာနှင့် ဦးဆောင်လမ်းညွှန် စီမံပေးမှုတို့ကြောင့် ရန်ကုန်-ကျောက်ဖြူလမ်းမကြီး ပေါ်ထွက်လာသည့်အတွက် ရေခြား၊ မြေခြားနေသော ကျောက်ဖြူ၊ ရမ်းဗြဲဒေသမှ ပြည်သူများသည် ရန်ကုန်မြို့နှင့် နေပြည်တော်အပါအဝင် နိုင်ငံအနှံ့သို့ ကုန်းလမ်းမှ မော်တော်ကားဖြင့် လွယ်ကူစွာ ကူးသန်းသွားလာနိုင်ခဲ့ပြီ ဖြစ်၏။

ရန်ကုန်-ကျောက်ဖြူ လမ်းမကြီး၏ လမ်းဆုံ ကျေးရွာဖြစ်သည့် တောင်ကုတ်မြို့နယ်ရှိ မအီကျေးရွာကိုလည်း ကျေးရွာအဆင့်မှ မြို့အဆင့်သို့ နိုင်ငံတော်က တိုးမြှင့်ပေးခဲ့သည့်အတွက် လမ်းဆုံမြို့ဖြစ်သည့် မအီမြို့မှာ မြန်မာနိုင်ငံအရပ်ရပ်မှ ဝင်ရောက်လာသည့် ကားကြီးများ ဥဒဟိုဖြတ်သန်း သွားလာပြီး စီးပွားရေး၊ လူမှုရေးကအစ အဘက်ဘက်တွင် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့၏။ မကြာမီဖြစ်ထွန်း ပေါ်ပေါက်လာမည့် ကျောက်ဖြူရေနက် ဆိပ်ကမ်းကြီးနှင့်တကွ ရမ်းဗြဲကျွန်းရှိ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြစ်သည့် CNOCC ကုမ္ပဏီ၏ ရေနံရှာဖွေရေး လုပ်ငန်းများ၊ ကမ်းလွန်လုပ်ကွက် A-1 ရှိ ရွှေနှင့်ရွှေဖြူ သဘာဝဓာတ်ငွေ့မြေများနှင့် ဆက်စပ်လျက် ကျောက်ဖြူ၊ ရမ်းဗြဲဒေသသည် အံ့မခန်း ဖွံ့ဖြိုးတိုးတက်သည့် ဒေသဖြစ်လာမည်မှာ မြေကြီးလက်ခတ် မလွဲပင် ဖြစ်၏။

အထူးသဖြင့် ရန်ကုန်-ကျောက်ဖြူလမ်းမကြီး ဖြစ်ထွန်းတည်ရှိလာသည့်အတွက် ပြည်နယ်အတွင်း မြို့နယ်အချင်းချင်း သွားလာဆက်သွယ်ရာတွင်လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် အခြားပြည်နယ်တိုင်းများ ဆက်သွယ်သွားလာရာတွင်လည်းကောင်း များစွာလွယ်ကူသွားခဲ့သည့်အတွက် ပြည်နယ်/တိုင်းအသီးသီးရှိ သွေးချင်းမောင်နှမတို့သည် ရခိုင်သွေးချင်းတို့၌ာနေသို့ လွယ်ကူအဆင်ပြေစွာ ကူးလူးဆက်သွယ်နိုင်ကြပြီဖြစ်ရာ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီး သွေးစည်းမှုသည်လည်း ပိုမိုခိုင်မာစွာ ဖြစ်ထွန်းတိုးတက်လာလျက် ရှိနေပေပြီ။

ကုန်လွန်ခဲ့ပြီးသော ခေတ်အဆက်ဆက်က ကျောက်ဖြူ၊ ရမ်းဗြဲမှ ရန်ကုန်သို့ တောတောင်လျှိုမြောင် အထပ်ထပ်၊ မြစ်ချောင်းအသွယ်သွယ်တို့ကို ကျော်ဖြတ်ပြီး လမ်းမကြီးဖောက်လုပ်ရန် ဆိုသည်မှာ စိတ်ကူးယဉ် အိပ်မက်ပမာသာလျှင်ဖြစ်ချေ၏။ မျက်မှောက်ကာလ၌မူ ယခင်က အိပ်မက်ပမာဖြစ်ခဲ့သော ရန်ကုန်-ကျောက်ဖြူလမ်းမကြီးသည် နိုင်ငံတော်၏ ကြီးမားမွန်မြတ်သော မေတ္တာ၊ စေတနာတို့ကြောင့် ဝင့်ထည်စွာ ပေါ်ထွန်းခဲ့လေပြီဖြစ်၏။

မျက်မှောက်ကာလတွင် အမိနိုင်ငံတော်ကြီးသည် အခြေအနေအရပ်ရပ်တည်ငြိမ်အေးချမ်းနေပြီဖြစ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့ အရောက်လှမ်းနိုင်ရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အတွက် အရေးပါလှသော အမျိုးသားညီလာခံကြီးကိုလည်း အောင်မြင်စွာကျင်းပလျက်ရှိ၏။ အမျိုးသားညီလာခံကြီး ကျင်းပပြီးစီးပါက နိုင်ငံတော်အတွက် အသက်သွေးကြောသဖွယ်ဖြစ်သော ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကြီးပေါ်ထွက်လာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို မျက်မှောက်ကာလ၌ ခင်းကျင်းတည်ဆောက်ပေးထားသည့် အခြေခံကောင်းများ အသုံးချပြီး အရှိန်အဟုန်ဖြင့် တက်ညီလက်ညီ တည်ဆောက်သွားကြရမည်ဖြစ်၏။

ရခိုင်ပြည်နယ်သူ ပြည်နယ်သားများအနေဖြင့်လည်း နိုင်ငံတော်အစိုးရပိုင်းက လိုအပ်သည့် အားပေးထောက်ကူမှုများဖြင့် အခြေအနေကောင်း အခြေခံကောင်းများကို ဖန်တီးတည်ဆောက်ပေးထားပြီးဖြစ်ရာ ဒေသ၌ရှိပြီးဖြစ်သည့် သဘာဝအရင်းအမြစ်များ၊ နိုင်ငံတော်က တည်ဆောက်ပေးထားသည့် လမ်းတံတားအခြေခံအဆောက်အအုံများ၊ စီးပွားရေးအခြေခံအဆောက်အအုံများကို ထိထိရောက်ရောက် အသုံးချပြီး မိမိတို့ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမိနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းသွားကြပါစို့ဟူ၍ ဆန္ဒပြုလိုက်ပါ၏။ ။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းအတွက် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းအဖြစ် အောက်ဖော်ပြပါ လုပ်ငန်းကြီးငါးရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁။ စေတီတော်ကြီးအား ရွှေစင်ရွှေပြားနှင့်မျက်ပါးရွှေသက်န်းများကပ်လှူခြင်း၊
၂။ မုခ်ဦးနှင့်မဟာရံ တံတိုင်းတို့အား ဆေးသုတ်မွမ်းမံခြင်း၊
၃။ ရင်ပြင်တော်ကျောက်ပြားများ ပြုပြင်မွမ်းမံပြင်ဆင်ခြင်း၊
၄။ သာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံဆေးသုတ်ခြင်း၊
၅။ လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း။

အဆိုပါလုပ်ငန်းကြီးငါးရပ်အတွက် စေတနာရှင်၊ ကုသိုလ်ရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် အလှူငွေများထည့်ဝင်လှူဒါန်း ကုသိုလ်ယူလိုပါက အောက်ပါဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

- ဦးခင်မောင်ဌေး(ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား) ဖုန်း-၀၁-၅၃၅၅၅၃၊ ၅၃၅၈၀၀။
- ဗိုလ်မှူးကြီး အောင်မျိုးမြင့် (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း) ဖုန်း-၀၁-၅၃၇၉၄၉၊ ၅၃၅၉၇၃။
- ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း-၀၁-၂၉၀၄၂၅။

ရွှေဘုန်းပွင့်စေတီတော်
ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဗဟိုကော်မတီ။

ပြည်သူများ၏ ယုံကြည်လေးစားမှု ပိုမိုရရှိအောင်ဆောင်ရွက် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ ညှိနှိုင်းအစည်းအဝေး၌ မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂ရက်က နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တက်ရောက်

ယင်းလုပ်ငန်းအစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဦးစီးဌာနမှူးများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ကြပ်မတ်ဆောင်ရွက်

ရှေးဦးစွာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနသည် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရသည့် ဌာနဖြစ်သည်နှင့်အညီ ပြည်သူများနှင့် ဆက်ဆံရာ၌ မိမိတို့ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အထင်မမှားအောင် ဆောင်ရွက်သွားကြရန်နှင့် ပြည်သူများ၏ ယုံကြည်လေးစားမှုကို ပိုမိုရရှိအောင် လူမှုရေးအသင်းအဖွဲ့များနှင့်လည်း ပူးပေါင်းလက်တွဲ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ဒေသအာဏာပိုင်များ၏ ဦးဆောင်မှုဖြင့် ဒေသခံတိုင်းရင်းသားများနှင့် တက်တက်ကြွကြွ ပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရင်သွေးငယ်များအား ပြုစုပျိုးထောင် လေ့ကျင့်ပေးရာတွင်လည်း နိုင်ငံတော်က အားထားရမည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာရေးအတွက် သွန်သင်ဆုံးမ ဆောင်ရွက်သွားကြရန် အလေးထား မှာကြားလိုကြောင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူ အဆင့်ဆင့်ကလည်း ကြပ်မတ် ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနတို့မှ ပြည်နယ်နှင့် တိုင်းဦးစီးဌာနမှူးများက မိမိတို့ပြည်နယ်နှင့်တိုင်းအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ခြုံငုံသုံးသပ်တင်ပြကြသည်။

သုံးသပ်

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက် အကောင်အထည်ဖော်နိုင်မှုနှင့် စပ်လျဉ်း၍ ခြုံငုံသုံးသပ်ပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စတုတ္ထအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေးအထိမ်းအမှတ်နေ့

(၆-၂-၂၀၀၇)

“အနာကြီးရောဂါကင်းဝေးနေစေဖို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်စို့”

၁။ အနာကြီးရောဂါသည် ကူးစက်ရောဂါတစ်ခုသာဖြစ်၍ အခြားရောဂါများကဲ့သို့ပင် ရက်ကြောက်ရန်မလိုဘဲ စောစောပြသ၍ ကုသမှုခံယူရန် ဝိုင်းဝန်းကူညီကြပါ။
၂။ အနာကြီးရောဂါကုသသည့် MDT ဆေးကို ကျန်းမာရေးဌာနများတွင် အခမဲ့ရရှိနိုင်ပါသည်။
၃။ ဝေဒနာရှင်များ၊ ရောဂါခံစားခဲ့ဖူးသူများနှင့် မိသားစုများကို လူမှုဝန်းကျင်အသိုင်းအဝိုင်းတွင် ဝင်ဆံ့နိုင်ရန် ဝိုင်းဝန်းကူညီကြပါ။

ကျန်းမာရေးဝန်ကြီးဌာန။

အခြေခံကွန်ပျူတာ သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန အခြေခံကွန်ပျူတာနှင့် GPS Short Course သင်တန်းအမှတ်စဉ်(၃/၂၀၀၇) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ရက် နံနက်၉နာရီက တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဝင်းထွန်းနီ တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီးဦးသန်းနှင့်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း မြေစာရင်းဦးစီးဌာနမှူးနှင့် သင်တန်းမှူးများ၊ သင်တန်းနည်းပြများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်/တိုင်းမြေစာရင်းဦးစီးဌာနများမှ သင်တန်းသား၂၀တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လခွဲ ကြာမြင့်မည်ဖြစ်ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

လမ်းပတ်၏ တစ်လုံးတည်းသောဂိုးဖြင့် ချယ်လ်ဆီးအသင်း သုံးမှတ်ရရှိ

သတင်းမြင်ကွင်း - မြင့်စိုး

လန်ဒန် ဖေဖော်ဝါရီ ၃

ပရီမီယာလိဂ်ပွဲစဉ်(၂၆) ဘောလုံးပြိုင်ပွဲများကို ဖေဖော်ဝါရီ၃ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ချန်ပီယံ ချယ်လ်ဆီးတို့ ချာလ်တန်အသင်းအား တစ်ဂိုးတည်းဖြင့် ပွတ်ကာသီကာ အနိုင်ရရှိသွားခဲ့သည်။

အနိုင်ဂိုး

ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်က ချယ်လ်ဆီးအသင်းအတွက် ပွဲစပြီး၁၈မိနစ်အကြာ၌သွင်းယူခဲ့သော တစ်ဂိုးဖြင့် ချယ်လ်ဆီးတို့ အနိုင်ရလိုက်ခြင်းဖြစ်သည်။ ယင်းတစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ချယ်လ်ဆီးအသင်းသည် အမှတ်ပေးဇယား ထိပ်ဆုံးရောက် မန်ယူနောက်မှ ရမှတ်သုံးမှတ်ရယူလျက် ကပ်၍လိုက်လာခြင်းဖြစ်သည်။

ကာကွယ်နိုင်

လမ်းပတ်သည် အဝေးမှ အမှတ်မထင် လှမ်းကန်သွင်းလိုက်ရာမှ ချယ်လ်ဆီးတို့ ဂိုးရခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ချာလ်တန်ဂိုးသမား စကော့ကာဆင်သည် ဒရော့ဘာနှင့် ရှောင်ရိုက်ဖီးလစ်တို့ သွင်းယူခဲ့သည့် ဂိုးများကို ကာကွယ်ပေးနိုင်ခဲ့သည်။

ထိုအတောအတွင်း မိုက်ကယ်ဘောလက်နှင့် ရှက်ဗ်ချင်ကိုတို့လည်း ခေါင်းတိုက်ဂိုးများ သွင်းယူခဲ့ကြသည်။ သို့သော်လည်း ဘားတန်းကျော်သွား၍ အချည်းအနှီးဖြစ်သွားရသည်။

ဆုံးရှုံးနစ်နာ

ချာလ်တန်တို့ အကောင်းဆုံးဂိုးသွင်းခွင့် အခွင့်အလမ်း နှစ်ကြိမ်ရရှိခဲ့သည်။ သို့သော်လည်း အသုံးမချနိုင်၍ ဂိုးများဆုံးရှုံးနစ်နာခဲ့ရသည်။

ယင်းပွဲ ချယ်လ်ဆီးတို့ အနိုင်ရမှုသည် လေးပွဲဆက်တိုက်ဖြစ်သည်။ ချယ်လ်ဆီး အသင်းခေါင်းဆောင် ဂျွန်တယ်ရီသည်လည်း ဒဏ်ရာကြောင့် အနားယူနေရာမှ နောက်ပိုင်းတွင် လူစားအဖြစ် ပါဝင်ကစားလာသည်ကို တွေ့ရသည်။

ကြိုးစားကစား

ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ်သည်လည်း ဂိုးဖမ်းစွမ်းရည်များ ပြန်လည်ပြသနိုင်ရန် ကြိုးစားကစားခဲ့သည်ကိုလည်း တွေ့ရသည်။

ယခုပွဲအနိုင်ရလိုက်သဖြင့် ချယ်လ်ဆီးအသင်းသည် ၂၆ပွဲကစား ၁၇ပွဲနိုင်၊ ခြောက်ပွဲသရေ၊ သုံးပွဲရှုံးဖြင့် ရမှတ် ၅၇မှတ်ရရှိကာ အမှတ်ပေးဇယား ဒုတိယနေရာ၌ ဆက်လက်ရပ်တည်ဆဲဖြစ်သည်။

ချယ်လ်ဆီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို လမ်းပတ်က ဤသို့သွင်းယူခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

လီဗာပူး-အဲဗာတန်

အဲဗာတန်အသင်းသည် လီဗာပူး အိမ်ကွင်း အင်န်ဖီးလ်၌ ဂိုးမရှိသရေကစားပြီး ထိုက်ထိုက်တန်တန် ရမှတ်တစ်မှတ်ကို ခွဲဝေယူလိုက်သည်။

သို့သော်လည်း လီဗာပူးတို့ ဘောလုံးပိုင်ဆိုင်မှု အများဆုံးဖြင့် အဲဗာတန်အသင်းကို ဖိကစားသွားနိုင်ခဲ့သည်ကို တွေ့ရသည်။

လီဗာပူးတို့ အကောင်းဆုံးကစားနိုင်ခဲ့သော်လည်း ဂိုးသွင်းခွင့်များ မပိုင်၍ အပိုင်ဂိုးများ နစ်နာခဲ့ရသည်။ ပီတာခရော့ချ် သွင်းယူသောဂိုးကိုလည်း အဲဗာတန်ဂိုးသမား တင်ဟောင်းဝပ် ကာကွယ်ပေးနိုင်ခဲ့သည်။ သို့သော်လည်း အဲဗာတန်တို့ ပွဲချိန်၅၉မိနစ်တွင် အကောင်းဆုံးဂိုးသွင်းခွင့်ရခဲ့သည်။ အင်ဒရူးဂျွန်ဆင် အပိုင်ကန်သွင်းလိုက်ရာ လီဗာပူးဂိုးသမားဆီသို့ အတည့်ကန်ထည့်လိုက်၍ ဂိုးမရဘဲဖြစ်သွားခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

ဝီဂန်	၁	–	၀	**ပို့စ်မောက်**
အက်စ်တွန်ဗီလာ	၁	–	၀	**ဝက်စ်ဟမ်း**
ဖူလ်ဟမ်	၂	–	၁	**နယူးကာဆယ်**
ဘလက်ဘန်း	၂	–	၁	**ရှက်ဖီး**
မန်စီးတီး	၀	–	၂	**ရက်ဒင်း**
ဝက်ဖို့ဒ်	၀	–	၁	**ဘော်လ်တန်။**

(အင်တာနက်)

ရန်ကုန်–ပြည်–မန္တလေး–ရန်ကုန်ခရီးစဉ် မိုင် ၁၀၀၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲကျင်းပမည်

၂၀၀၆ခုနှစ် အမျိုးသား ကီလိုမီတာ၁၆၀ ရန်ကုန်–ပုသိမ် တာဝေးစက်ဘီးစီးပြိုင်ပွဲ၌ စက်ဘီးအားကစားသမားများ ရန်ကုန်–ပုသိမ်လမ်းမကြီးပေါ်၌ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ကကြီးမှူး၍ ရန်ကုန်–ပြည်–မန္တလေး–ရန်ကုန် မိုင်၁၀၀၀ ခရီးရှည်(အမျိုးသား၊အမျိုးသမီး)စက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်မှ ၂၄ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပန်းဝင်ကြရမည်

ပြိုင်ပွဲခရီးစဉ်မှာ ရန်ကုန်–လက်ပံတန်း–ပြည်–မကွေး–မြင်းခြံ– မန္တလေး–မိတ္ထီလာ–ပျဉ်းမနား–နေပြည်တော်–တောင်ငူ–ညောင်လေးပင်–ရန်ကုန်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့)နံနက်၆နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)မှစတင်တာလွှတ်ပြီး ဖေဖော်ဝါရီ ၂၄ရက်တွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ပန်းဝင်ကြရမည် ဖြစ်သည်။

ချီးမြှင့်သွားမည်

ပြိုင်ပွဲတွင်ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ရာ ပထမဆု ငွေကျပ်၂၅သိန်း၊ ဒုတိယဆု ငွေကျပ်၁၇သိန်း၊ တတိယဆု ငွေကျပ်၁၅သိန်း၊ စတုတ္ထဆု ငွေကျပ် ရှစ်သိန်း၊ ပဉ္စမဆု ငွေကျပ်ခုနစ်သိန်း၊ ဆဋ္ဌမဆု ငွေကျပ်ခြောက်သိန်း၊ သတ္တမဆု ငွေကျပ်ငါးသိန်း၊ အဋ္ဌမဆု ငွေကျပ်လေးသိန်း၊ နဝမဆု ငွေကျပ်သုံးသိန်း၊ ဒသမဆု ငွေကျပ်နှစ်သိန်းဖြစ်သည်။ ပြိုင်ပွဲခရီးစဉ်တစ်လျှောက် ပြိုင်ပွဲစည်းကမ်းဖောက်ဖျက်ခြင်းမရှိဘဲ ပန်းဝင်နိုင်သူတိုင်းအား ဖွဲ့ဆုအဖြစ် ငွေကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ညအိပ်ရပ်နားမည့် မြို့များတွင် ဒေသခံပြည်သူလူထုမှ သောင်းသောင်းဖြဖြ ကြိုဆိုနိုင်ရန် စီစဉ်ထားပြီး ခရီးစဉ်တစ်ခုချင်းအလိုက် ဆုများလည်း ချီးမြှင့်မည်ဖြစ်သည်။ ဒေသခံစက်ဘီးအားကစားဝါသနာရှင်များ စက်ဘီးအားကစားနည်းအပေါ် ပိုမိုစိတ်ဝင်စားပြီး ဗဟုသုတတိုးပွားစေရေးအတွက် ညအိပ်ရပ်နားသည့်မြို့များတွင် စက်ဘီးအားကစားနည်းအကြောင်း ပညာပေးဟောပြောပွဲများ ပြုလုပ်မည်ဖြစ်သည်။ ခရီးစဉ်မြို့များအနက် ပြည်၊ မကွေး၊ မြင်းခြံ၊ မန္တလေး၊ မိတ္ထီလာနှင့် ရန်ကုန်မြို့များတွင် နာမည်ကြီးအဆိုတော်များက တေးဂီတဖျော်ဖြေပွဲများကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

မွေးထုတ်

ယခုပြိုင်ပွဲမှာ မြန်မာနိုင်ငံ၌ မိုင်၁၀၀၀ခရီးရှည် စက်ဘီးစီးပြိုင်ပွဲအနေဖြင့် တတိယအကြိမ်မြောက် ကျင်းပနိုင်ခြင်းဖြစ်သည်။ ၁၉၆၈ခုနှစ် အောက်တိုဘာလအတွင်းက မိုင်၁၀၀၀အသင်းလိုက် ခရီးရှည်စက်ဘီးစီးပြိုင်ပွဲကို ကျင်းပခဲ့ရာ စက်ဘီးအားကစားသမားများဖြစ်ကြသည့် Peter Singn၊ အောင်မြင့်၊ လှထွန်း၊ ချစ်လှိုင်၊ တင်ထွန်း၊ ရှောက်ဖန်နှင့် သန်းနိုင်(အဆိုတော်ပလေးဘွိုင်သန်းနိုင်)တို့ကို မွေးထုတ်နိုင်ခဲ့သည်။ ၁၉၉၀ပြည့်နှစ်တွင် ရန်ကုန်–ဘားအံ–မော်လမြိုင်–စက်စဲ–မော်လမြိုင်–ရန်ကုန် မိုင်၁၀၀၀ခရီးရှည်စက်ဘီးစီးပြိုင်ပွဲကို ကျင်းပခဲ့ရာ မျိုးဆက်သစ်စက်ဘီးအားကစားသမားများ မွေးထုတ်နိုင်ခဲ့သည်။

မိုင်၁၀၀၀ခရီးရှည် စက်ဘီးစီးပြိုင်ပွဲကျင်းပပေးခြင်းဖြင့် ပြည်နယ်နှင့်တိုင်းများမှ စက်ဘီးစီးသူများ စက်ဘီးအားကစားနည်းကို စိတ်ပါဝင်စားမှုများပြားလာပြီး နိုင်ငံတကာစက်ဘီးစီးပြိုင်ပွဲများ၌ နိုင်ငံ့ကိုယ်စားပြု လက်ရွေးစင်စက်ဘီးအားကစားသမားများ ပေါ်ထွက်လာခဲ့သည်။ ယခု မိုင်၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲကိုလည်း ပြည်နယ်နှင့်တိုင်းများမှ စက်ဘီးစီးသူဝါသနာရှင်များနှင့်စက်ဘီးအားကစားသမားများ စက်ဘီးအား ကစားနည်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က စီစဉ်ကျင်းပခြင်း ဖြစ်သည်။

ရန်ကုန်–ပြည်–မန္တလေး–ရန်ကုန် မိုင်၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ၏ ခရီးစဉ်တစ်လျှောက် ညအိပ်ရပ်နားမည့်မြို့များမှာ လက်ပံတန်း၊ ပြည်၊ တောင်တွင်းကြီး၊ ရေနံချောင်း၊ မြင်းခြံ၊ မန္တလေး(နှစ်ညအိပ်)၊ မိတ္ထီလာ၊ ပျဉ်းမနား၊ တောင်ငူ၊ ညောင်လေးပင်တို့ ဖြစ်ကြသည်။

မိုင်၁၀၀၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ ကျင်းပရေးနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားမှုနှင့် ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို သိရှိနိုင်ရန် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးသက်ဝင်းအား ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို မေးမြန်းရာ **"မြန်မာနိုင်ငံတစ်ဝန်းလုံးကို ခြုံကြည့်လျှင် စက်ဘီးစီးသူဦးရေမှာ ပြည်နယ်နှင့်တိုင်းများ**

သတင်းဆောင်းပါး–ကိုထွေး

တွင် ပိုမိုများပြားလျက်ရှိပြီး ယင်းတို့ထဲမှ ရွက်ပုန်းသီး စက်ဘီးအားကစားသမားသစ်များ ပေါ်ထွက်လာနိုင်ကြောင်း၊ ပြည်နယ်နှင့်တိုင်းများရှိ စက်ဘီးစီးသူများသည် စက်ဘီးအားကစားပြိုင်ပွဲအကြောင်းကို နဖူးတွေ့၊ ဒူးတွေ့ သိရှိသူ အလွန်နည်းပါးလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်နယ်နှင့်တိုင်းများမှ ကျယ်ကျယ်ပြန့်ပြန့်စိတ်ဝင်စားလာစေရန် ရည်ရွယ်၍ တစ်မြို့ဝင် တစ်မြို့ထွက်၊ တစ်ရွာဝင်တစ်ရွာထွက် စက်ဘီးစီးပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း" ပြောကြားသည်။

ဒုတိယဥက္ကဋ္ဌ ဦးသက်ဝင်းက ဆက်လက်ပြောကြားရာတွင် **မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်အနေဖြင့် စက်ဘီးစီးပြိုင်ပွဲများ ကျင်းပပြီး ပေါ်ထွက်လာသည့် မျိုးဆက်သစ်အားကစားသမားများကို နိုင်ငံတကာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေခဲ့ကြောင်း၊ ပြည်တွင်း၌ နိုင်ငံခြားမှ စက်ဘီးအားကစားသမားများကို ဖိတ်ခေါ်ပြီး ကွင်းတွင်းနှင့်တာဝေး နိုင်ငံတကာပြိုင်ပွဲများ ပြုလုပ်နိုင်ခဲ့ခြင်း မရှိသေးကြောင်း၊ ယခုပြုလုပ်မည့် မိုင်၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ (Tour of Myanmar 1000 Miles Cycling Race) သည် နောင်အခါ၌ ပြုလုပ်မည့် နိုင်ငံတကာမှ စက်ဘီးအားကစားသမားများပါဝင်သော Tour of Myanmar တာဝေးစက်ဘီးစီးပြိုင်ပွဲအတွက် များစွာအထောက်အကူပြုမည့် အတွေ့အကြုံရယူရမည့် ပြိုင်ပွဲဖြစ်ကြောင်း၊ ယခုတာဝေးစက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ရက်မှ ၁၀ရက်အထိ ကျင်းပမည့် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စက်ဘီးပြိုင်ပွဲအပြီး ကျင်းပခြင်းဖြင့် ပြည်နယ်နှင့် တိုင်းများမှ စက်ဘီးအားကစားသမားများ အင်တိုက်အားတိုက် ပါဝင်ယှဉ်ပြိုင်နိုင်ကြမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲမှ နိုင်ငံ့ကိုယ်စားပြု စက်ဘီးအားကစားသမားများ ပေါ်ထွက်လာနိုင်ကြောင်း"** ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဇော်မြင့်အား ကြိုတင်ပြင်ဆင်ထားမှုနှင့်ပတ်သက်၍ မေးမြန်းရာ **"စက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ အဖွဲ့နှစ်ဖွဲ့ခွဲ၍ ရန်ကုန်–ပြည်လမ်းကြောင်းနှင့် ရန်ကုန်–မန္တလေး လမ်းကြောင်းခွဲ၍ ခရီးစဉ်လမ်းကြောင်း ကြိုတင်ကြည့်ရှုကာ ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ အားကစားသမားများအတွက် စားသောက်နေထိုင်ရေး၊ ကျန်းမာရေးနှင့်လမ်းကြောင်းတစ်လျှောက် အန္တရာယ်ကင်းရှင်းစွာ စီးနိုင်ရေးအတွက် အစစအရာရာ စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများသည် အသက်၁၈နှစ်မှ အသက်၅၀အတွင်းရှိသည့် ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်ဖြစ်ကြောင်း၊ အားကစားသမားများသည် မိမိတို့အစီအစဉ်ဖြင့်သာ စက်ဘီးအဖွဲ့ချုပ်သို့ လာရောက်ရမည်ဖြစ်ပြီး သွားလာရေးအခက်အခဲရှိပါက စက်ဘီးအဖွဲ့ချုပ်သို့ ကြိုတင်အကြောင်းကြားလျှင် လိုအပ်သည်များ ကူညီစီစဉ်ပေးမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်စက်ဘီးအမျိုးအစားမှာ ပြိုင်စက်ဘီးအမျိုးအစားဖြစ်ရမည်ဖြစ်ပြီး မိမိတို့အစီအစဉ်ဖြင့် ယူဆောင်ရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲစည်းမျဉ်းဥပဒေကို အပြည်ပြည်ဆိုင်ရာ နည်းဥပဒေများအတိုင်း စံချိန်စနစ်ကို ကျင့်သုံးသွားမည် ဖြစ်ကြောင်း၊ ခရီးစဉ်တစ်ခုချင်းအတွက် တာလွှတ်ချိန်မှာ နံနက်၆နာရီဖြစ်ကြောင်း၊ အချို့မြို့များ၌ လမ်းကြောင်း အခက်အခဲအရ ပန်းဝင်သည့်နေရာနှင့် တာလွှတ်သည့်နေရာ မတူသည်များ ရှိကြောင်း၊ အမျိုးသမီးပြိုင်ပွဲမှာ ပြိုင်ပွဲဝင် ၄၅ ဦး မပြည့်လျှင် ကျင်းပမည်မဟုတ်၍ အမျိုးသမီးပြိုင်ပွဲ ဖြစ်မဖြစ်မသေချာသေးကြောင်း၊ အမျိုးသားပြိုင်ပွဲကိုမူ ဦးရေမည်မျှပင်ဖြစ်စေ ကျင်းပရန်စီစဉ်ထားပါကြောင်း"** ပြောကြားသည်။

ရန်ကုန်–ပြည်–မန္တလေး–ရန်ကုန် မိုင်၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်လိုကြသူများသည် အတွင်းရေးမှူး မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် လူငယ်အားကစားလေ့ကျင့်ရေး စခန်း(သုဝဏ္ဏ)နှင့် ဖုန်း–၂၀၀၃၁၀၊ ၂၀၀၃၀၉၊ ၂၉၇၃၈၀တို့သို့ ဖေဖော်ဝါရီ၉ ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြသည်။ ပြိုင်ပွဲတွင် အသက်၁၈နှစ်မှ အသက်၅၀အတွင်းမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ရန်ကုန်–ပြည်–မန္တလေး–ရန်ကုန် မိုင်၁၀၀၀ခရီးရှည် စက်ဘီးစီးပြိုင်ပွဲသည် တတိယအကြိမ်မြောက် မိုင်၁၀၀၀ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ ဖြစ်သော်လည်း ဒုတိယအကြိမ် ပြိုင်ပွဲကျင်းပပြီးနောက် ၁၇နှစ်အကြာတွင် ပထမဆုံးအကြိမ် ပြန်လည်ကျင်းပနိုင်ခြင်းဖြစ်သည်။ မိုင်၁၀၀၀ခရီးရှည် စက်ဘီးစီးပြိုင်ပွဲသည် စက်ဘီးအားကစားသမားများအတွက်သာမက ဖြတ်သန်းရာ ခရီးစဉ်တစ်လျှောက်ရှိ ဒေသခံ ပြည်သူများကိုပါ ဆွဲဆောင်နိုင်မည့် ကြုံတောင့်ကြုံခဲ စက်ဘီးပြိုင်ပွဲကြီးဖြစ်ပါကြောင်း ကြိုတင်သတင်းစကား ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အမျိုးသား ကီလို မီတာ ၁၆၀

၂၀၀၆ ခုနှစ် အမျိုးသား ကီလိုမီတာ ၁၆၀ ရန်ကုန်–ပုသိမ် တာဝေး စက်ဘီးစီးပြိုင်ပွဲ၌ စက်ဘီးအားကစားသမားသုံးဦး၏ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲမှုကို ပုသိမ်မြို့အဝင်၌ ပြည်သူများက ဤသို့ အားပေးခဲ့ကြသည်။

မီးကြွင်း မီးကျန် မရှိရန် အစဉ်သတိ အမြဲရှိ

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၃

လားရှိုးမြို့ ဂေါက်ကလပ်၌ ဇန်နဝါရီ၃၁ ရက် ညနေ ၃ နာရီခွဲတွင် ဒုတိယဦးစီးမှူး ဦးမောင်သန်းသည် ပြည်နယ်အခွန်ဦးစီးမှူး ဦးထွန်းသန်း၊ ဦးခင်ထွန်း၊ ဦးလှမိုးအောင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ်(၆)ကို ၁၃၄ ကိုက်အကွာမှ Titleist No-2 ဘောလုံးအား Wilson Stiff Iron Pitching Wedge တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(က–ပ)**

အသက်(၁၄)နှစ်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲ အောင်ကျော်နိုင် ပထမရွှေတံဆိပ်ဆွတ်ခူး

ရန်ကုန် ဖေဖော်ဝါရီ ၃

၂၀၀၇ခုနှစ် ဇန်နဝါရီ၂၆မှ ဖေဖော်ဝါရီ ၆ရက်အထိ ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့၌ကျင်းပလျက်ရှိသော အသက်(၁၄)နှစ်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်ကျော်နိုင်(ကမာရွတ်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း)**(ယာပုံ)**က တစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိပြီး ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိသည်။

အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲတွင် မြန်မာနိုင်ငံမှမျိုးဆက်သစ်လူငယ်လက်ရွေးစင် အောင်ကျော်နိုင်က ကမ္ဘောဒီးယားမှ ORN Sambath ကို ၆–၂၊ ၆–၃ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိပြီး ပထမရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးတစ်ဦးချင်း တတိယဆုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဇင်မာထွေးက သီရိလင်္ကာမှ Wijesin Gha ကို ၇–၆–(၅)၊ ၆–၂ဖြင့် အနိုင်ရရှိပြီး တတိယဆုကို ဆွတ်ခူးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လက်ဝှေ့လောကကို ကိုင်လှုပ်နိုင်ခဲ့သော အလီ

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

၁၉၆၅ ခုနှစ် မေလ ၂၆ ရက်
မက်ဒီဆင်စကွဲယားပန်းခြံ လက်ဝှေ့စင်မြင့်၊
မိုဟာမက်အလီနှင့် ဆန်နီလစ္စတန်တို့ လက်ဝှေ့ထိုးသတ်ပွဲ . . .

ကမ္ဘာ့လက်ဝှေ့လောကကို ကိုင်လှုပ်လျက်ရှိသော အလီ၏ လက်ဝှေ့ထိုးသတ်ပွဲသို့ ပရိသတ်များ တဖွဲဖွဲလာရောက်လျက်ရှိနေသည်။ ပြိုင်ဘက် ဆန်နီလစ္စတန်သည် လက်ဝှေ့ပွဲပေါင်း အတော်များများကို အလဲထိုးအနိုင်ယူခဲ့ကာ အချို့ပွဲများမှာ ဒိုင်ပွဲရပ်ထိုးသတ် အောင်ပွဲခံနေသူဖြစ်သည်။ အရပ်မြင့်မားပြီး ခြေတံ၊ လက်တံရှည်ကာ အလီနှင့်ယှဉ်သော် အရပ်အမောင်း အပေါ်စီးမှ အသာရနေသည်။

ငယ်ရွယ်နုပျိုသော မိုဟာမက်အလီ။

လျှပ်စီးလက်သလို

ပြိုင်ပွဲအစ၊ ဒိုင်လူကြီးက ထိုးသတ်ခွင့်ပြုလိုက်သည်နှင့် တစ်ပြိုင်နက် အလီသည် လျှပ်စီးလက်သလို ဆန်နီလစ္စတန်ထံသို့ ပြေးဝင်ကာ မိုးသီးမိုးပေါက်များပမာ ဝိုက်လက်သီး၊ ဖြောင့်လက်သီး၊ ပင့်လက်သီးများဖြင့် တရစပ် ထိုးသတ်လိုက်ရာ ဆန်နီလစ္စတန် ခုခံချိန်မရလိုက်ဘဲ စက္ကန့်ပိုင်းအတွင်း ကြမ်းပြင်ပေါ် လွင့်ကျသွားလေသည်။ ကြိုးဝိုင်းဒိုင်လူကြီး အပြေးအလွှား အလီအား ဟန့်တားကာ ကြမ်းပြင်ပေါ်မှ ဆန်နီလစ္စတန်ကို အမှတ်စဉ် ပြည့်သည်အထိ ရေတွက်သော်လည်း မည်သို့မျှ ပြန်မထနိုင်တော့သဖြင့် အလီအား ဒိုင်လူကြီးက အနိုင်ပေးလိုက်တော့သည်။ ပွဲစချိန်နှင့် ပွဲပြီးချိန်သည် စက္ကန့် ၄၀ကျော်သာ ကြာခဲ့သည်။

ပြီးဆုံး

လက်ဝှေ့ပွဲလာ ပရိသတ်အချို့မှာ ပြိုင်ပွဲသို့ ကားမောင်းလာနေဆဲ၊ အချို့ကား ပြိုင်ပွဲရုံအတွင်းဝင်ရန် ပြင်ဆင်နေဆဲ၊ အချို့က ထိုင်ခုံနေရာ ရှာနေဆဲ၊ တချို့ကား ပြိုင်ပွဲလာသူချင်း မိတ်ဆက်စကား ပြောနေဆဲမှာပင် လက်ဝှေ့ပွဲကား ပြီးဆုံးသွားခဲ့လေသည်။ ဤကဲ့သို့ ကမ္ဘာ့လက်ဝှေ့လောကကို တုန်လှုပ်ချောက်ချားစေခဲ့သော မိုဟာမက်အလီသည် ယခုအခါ အသက် ၆၅နှစ် ပြည့်ခဲ့ပြီ ဖြစ်သည်။

မွေးဖွား

အလီကို ကင်တပ်ကီပြည်နယ် လူဝစ္စဗီးမြို့တွင် ၁၉၄၂ခုနှစ် ဇန်နဝါရီ ၁၇ရက်က မွေးဖွားခဲ့ရာ ယခုအခါ အသက်၆၅နှစ် ပြည့်ခဲ့ပြီဖြစ်သည်။ ငယ်နာမည်မှာ ကက်စီးယပ်မာဆယ်လက်ကလေးဖြစ်ပြီး ငယ်စဉ်က လက်ဝှေ့ထိုးသတ်မှု ဝါသနာပါခဲ့သည် မဟုတ်ချေ။

လေ့ကျင့်

သို့သော် သူ့အမြတ်တနိုး စီးနင်းသော စက်ဘီးအခိုးခံရသည့် အဖြစ်အပျက်မှ စတင်ကာ ဒေါသထွက်ပြီး လက်ဝှေ့ထိုးလေ့ကျင့်ခဲ့ရာမှ အသက်ရှစ်နှစ် အရွယ်မှ စတင်ကာ အပျော်တမ်းလက်ဝှေ့ပွဲများထိုးခြင်းနှင့် လက်ဝှေ့လေ့ကျင့်ခြင်းများကို အချိန်ပြည့် ပြုလုပ်ခဲ့သူ ဖြစ်သည်။

ထိုစဉ်က လက်ဝှေ့ထိုးရာတွင် ကက်စီးယပ်ကလေးအမည်ဖြင့် ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး အရွယ်မရွေး၊ အတန်းမရွေး အပျော်တမ်း လက်ဝှေ့ပွဲပေါင်း ၁၀၀ခန့် ထိုးသတ်ခဲ့ရာ၌ ပွဲတိုင်းနီးပါး အနိုင်ရရှိခဲ့သည်။ ထို့အတူ ပွဲတိုင်းနီးပါးလည်း အလဲထိုး၊ ဒိုင်ပွဲရပ်များဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မှတ်တမ်းတင်

ထိုသို့ လက်ဝှေ့လောက၌ နာမည်ကျော်စပြုနေသော ကက်စီးယပ်ကလေးသည် ၁၉၆၀ပြည့် ရောမအိုလံပစ်၌ လိုက်ဟဲဗီးဝိတ် ရွှေတံဆိပ်ရရှိခဲ့ရာမှ တစ်ရှိန်ထိုး ကျော်ကြားလာခဲ့ပြီး ထိုစဉ်က အသက်(၁၈)နှစ်ခန့်သာ ရှိနေသေးရာ အသက်အငယ်ဆုံး လိုက်ဟဲဗီးဝိတ် သရဖူပိုင်ရှင်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

ကက်စီးယပ်ကလေး၏ လက်ဝှေ့သမားဘဝတွင် အထွတ်အထိပ်ရောက်ရှိခဲ့သည့်နှစ်များမှာ ၁၉၆၀နှစ်ကျော်ကာလမှ ၁၉၇၅နှစ်ကျော် ကာလများအတွင်း ဖြစ်ပြီး ၁၉၆၅ခုနှစ်က ဆန်နီလစ္စတန်ကို အနိုင်ထိုးသတ်ခဲ့သည့်ပွဲမှာ အမြန်ဆုံးပွဲပင် ဖြစ်သည်။ ထိုနှစ်မှာပင် ကက်စီးယပ်ကလေး နာမည်မှ မိုဟာမက်အလီသို့ ပြောင်းလဲခဲ့ပြီး ထိုနာမည်နှင့်ပင် ဆက်လက်နာမည်ကြီးခဲ့သူ ဖြစ်သည်။

အလီသည် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဆုကို သုံးကြိမ်ရရှိခဲ့ပြီး ကြေးစား လက်ဝှေ့ပွဲ ၅၆ပွဲ ထိုးသတ်ခဲ့ကာ ငါးပွဲရှုံးနိမ့်ခဲ့သည်။ ထိုကြေးစား လက်ဝှေ့ပွဲ



ဆန်နီလစ္စတန်ကို စက္ကန့်ပိုင်းအတွင်း အလီက ဤသို့ ပွဲသိမ်းထိုးသတ်ခဲ့သည်။

ကမ္ဘာ့တစ်လွှား အားကစား

ပါကင်ဆန်ရောဂါ ခံစားနေရသော မိုဟာမက်အလီနှင့်ဇနီး လွန်နီ။

၅၆ပွဲ၌ ၃၇ပွဲမှာ အလဲထိုးအနိုင်ယူခဲ့ခြင်းဖြစ်ပြီး ပထမအချီ မိနစ်ပိုင်းအတွင်းမှာပင် ပွဲသိမ်းခဲ့သည့် လက်ဝှေ့ပွဲ ဆယ်ပွဲကျော်ရှိခဲ့ရာ ကမ္ဘာ့လက်ဝှေ့လောကတွင် ရှားရှားပါးပါးပင် ဖြစ်သည်။

ရှုံးနိမ့်

အလီ၏ ဟဲဗီးဝိတ်ချန်ပီယံသရဖူကို ပထမဆုံး စွန့်လွှတ်ခဲ့ရမှုမှာ ၁၉၇၈ခုနှစ်က လီယွန်စပင့်နှင့် ထိုးသတ်ခဲ့သည့်ပွဲပင် ဖြစ်သည်။ ပထမဆုံးအကြိမ် ဟဲဗီးဝိတ်သရဖူကို လက်လွှတ်ဆုံးရှုံးခဲ့သည့်အတွက် ခံပြင်းစိတ်ဖြင့် ၁၉၇၉ခုနှစ်တွင် လီယွန်စပင့်နှင့် ပြန်လည်ထိုးသတ်ပြီး ဟဲဗီးဝိတ်သရဖူကို ပြန်လည်ရယူခဲ့ပြီး လက်ဝှေ့ထိုးသတ်ခြင်းမှ အနားယူခဲ့ခြင်းဖြစ်သည်။ အနားယူချိန်၌ အလီ၏ အသက်သည် ၃၆နှစ်ကျော်ပြီဖြစ်သော်လည်း နောက်ပိုင်းနှစ်ကြိမ်ခန့် လက်ဝှေ့ကြိုးဝိုင်းအတွင်း ပြန်ဝင်ခဲ့ရာ ရှုံးပွဲများနှင့်သာ ကြုံတွေ့ခဲ့ရသည်။

ပြောင်းရွှေ့

အနားယူခဲ့ပြီးနောက် အလီသည် နိုင်ငံအချို့တွင် ဟောပြောပွဲများ ပြုလုပ်ခဲ့သည်။ အနားယူခဲ့သည့် ကာလတစ်လျှောက် မီချီဂန်မြို့တွင် နေထိုင်ခဲ့ပြီး ၂၀၀၆ခုနှစ် နိုဝင်ဘာလအတွင်းက မီချီဂန်မြို့မှ အရီဇိုးနားမြို့ ဆင်ခြေဖုံးရှိ နေအိမ်တစ်လုံးကို ဝယ်ယူကာ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

အလီနှင့် ဇနီးဖြစ်သူ လွန်နီတို့အနေဖြင့် ယခုအိမ်ကလေးကို အမေရိကန်ဒေါ်လာ ၁ဒသမ၈သန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ အရီဇိုးနားမြို့မှာ အလီ၏ မွေးရပ်မြေ လူဝစ္စဗီးမြို့နှင့် နီးကပ်လျက်ရှိရာ မွေးရပ်မြေသို့ အမြဲသွားရောက်လည်ပတ်နိုင်ရန်အတွက် အဆင်ပြေခြင်းကြောင့် ဝယ်ယူလိုက်ခြင်းလည်းဖြစ်သည်။

ရောဂါခံစား

ပြီးခဲ့သည့် ဇန်နဝါရီ ၁၇ရက်က အသက် ၆၅နှစ်ပြည့်ခဲ့ပြီဖြစ်သော အလီသည် ယခုအခါ ပါကင်ဆန်ရောဂါ ခံစားနေရသော ဝေဒနာရှင်တစ်ဦး ဖြစ်နေသည်။ အလီ၏ ငယ်စဉ်ဘဝတစ်လျှောက်လုံး လက်ဝှေ့ပွဲများ မပြတ်တမ်း ထိုးသတ်ခဲ့မှုဒဏ်ကြောင့် ပါကင်ဆန်ရောဂါကို နှစ်အတန်ကြာကပင် ခံစားခဲ့ရသူဖြစ်သည်။

လူကြိုက်များ

အလီသည် ရာစုနှစ်အတွင်း အကျော်ကြားဆုံး လက်ဝှေ့သမားတစ်ဦးဖြစ်ရာ ကမ္ဘာ့လက်ဝှေ့လောက၌ အလီ၏ ပုံရိပ်များ ထင်ကျန်နေဆဲဖြစ်သလို စီးပွားရေးလောကတွင်လည်း အလီနာမည်တံဆိပ်သည် လူကြိုက်များနေဆဲပင် ဖြစ်သည်။

ကမ္ဘာ့လက်ဝှေ့လောကကြီးတစ်ခုလုံးကို ဆွဲကိုင်လှုပ်ရမ်းနိုင်ခဲ့ပြီး လက်ဝှေ့ထိုးသတ်ခြင်းကို တစ်ကမ္ဘာလုံး စိတ်ဝင်စားအောင် လျင်မြန်သော ထိုးသတ်မှု၊ ပြင်းထန်သောထိုးချက်၊ လှပသောအရှောင်အတိမ်း၊ စက္ကန့်ပိုင်းအတွင်း ပွဲသိမ်းနိုင်မှုများဖြင့် ကမ္ဘာ့ကျော် လက်ဝှေ့သမားဘဝကို ဖြတ်သန်းခဲ့သော အလီသည် ပါကင်ဆန်ရောဂါတစ်ဦးဖြစ်နေသော်လည်း ကမ္ဘာ့အားကစားလောကအား ယနေ့ထက်တိုင် လွှမ်းမိုးထားနိုင်ဆဲပင် . . .။

(ကိုးကား–အင်တာနက်သတင်းများ)

မိုက်ကယ်အိုဝင် ရာသီကုန်အထိ နယူးကာဆယ်၌ ပြန်မကစားနိုင်

ကိုးကားတင်ပြသူ–မြင့်မောင်စိုး

လန်ဒန် ဖေဖော်ဝါရီ ၃

နယူးကာဆယ် တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ယခုနှစ်ရာသီကုန်အထိ ဒဏ်ရာခွဲစိတ်ခံထားရသဖြင့် ကစားနိုင်လိမ့်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

ဒဏ်ရာရ

အသက် (၂၇)နှစ်ရှိ မိုက်ကယ်အိုဝင်သည် ကမ္ဘာ့ဖလားတွင် အင်္ဂလန်အသင်း၌ ပါဝင်ကစားစဉ် အဆိုပါဒဏ်ရာရ ရှိခဲ့ခြင်း ဖြစ်သည်။

မျှော်လင့်

မိမိသည် ယခုနှစ်ရာသီတွင် ပြန်မကစားနိုင်ရန် မျှော်လင့်ထားသော်လည်း လာမည့်ရာသီရောက်မှသာ ကစားနိုင်တော့မည်ဖြစ်ကြောင်း မိုက်ကယ်အိုဝင်က ပြောကြားသည်။

နယူးကာဆယ် တိုက်စစ်မှူး မိုက်ကယ်အိုဝင်။

ဖိအားပေး

မိုက်ကယ်အိုဝင် နယူးကာဆယ်အသင်းတွင် အချိန်ပြည့်ကစားနိုင်ရေးအတွက် ဖိအားပေးအတင်းအကျပ် ပြုလုပ်ခြင်းများမရှိကြောင်း အသင်းနည်းပြ ဂလင်းရိုဒါက ပြောကြားသည်။ မိုက်ကယ်အိုဝင်အား နယူးကာဆယ်အသင်းက အမေရိကန်နိုင်ငံသို့ပို့၍ အကောင်းဆုံး ခွဲစိတ်ကုသပေးလျက်ရှိသည်။

(အင်တာနက်)

တော့တင်ဟမ်အသင်းခေါင်းဆောင် ခြေဖဝါးကျိုး၍ ရှစ်ပတ်အနားယူရမည်

လန်ဒန် ဖေဖော်ဝါရီ ၃

တော့တင်ဟမ်အသင်း ခေါင်းဆောင် လက်ဒလေကင်းသည်ခြေထောက်ကျိုးအက်သွားသည့်အတွက် ရှစ်ပတ်ကြာ အနားယူရမည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

အသက် (၂၆) နှစ်ရှိ အင်္ဂလန်အသင်း နောက်တန်းလူ ကင်းသည် ဝဲဘက် ခြေဖဝါး ခြေချောင်းကျိုးအက်သွားခဲ့ကြောင်း တော့တင်ဟမ်က ပြောကြားသည်။ ၎င်း၏ အဆိုပါ ဒဏ်ရာမှာ အက်စ်တွန်ဗီလာ အသင်းနှင့်ကစားသည့်ပွဲတွင် ရရှိခဲ့ခြင်း ဖြစ်သည်။

နောက်တန်းခံစစ်မှူး

အဆိုပါ တော့တင်ဟမ်အသင်း ခေါင်းဆောင်သည် အသင်းနောက်တန်းခံစစ် လုံရေးအတွက် အဓိက အားထားရသော နောက်တန်းခံစစ်မှူး ဖြစ်သည်။ ၎င်းဒဏ်ရာရသွားသဖြင့် တော့တင်ဟမ် နောက်တန်းအတွက် ခံစစ်အားပျော့လာနိုင်သည်။

(အင်တာနက်)

လီဗာပူးအသင်းအား ရောင်းချမည်

လန်ဒန် ဖေဖော်ဝါရီ ၃

လီဗာပူးအသင်းသည် အမေရိကန် သူဌေးနှစ်ဦးဖြစ်သော ဂျော့ဂဲလ်လက်နှင့် တွန်ဟစ်တို့နှင့်အတူ လာမည့် သီတင်းပတ်အစောပိုင်းတွင် အသင်းလွှဲပြောင်းရေးကိစ္စကို သဘောတူညီလိုက်ပြီဖြစ်ကြောင်း လီဗာပူးအသင်းက ပြောကြားသည်။

ဂဲလ်လက်နှင့် ဟစ်တို့သည် ယခုသီတင်းပတ်အစောပိုင်းက အင်္ဂလန်သို့ လာရောက်ခဲ့ပြီး လီဗာပူးတာဝန်ရှိသူများနှင့် လျှို့ဝှက်တွေ့ဆုံခဲ့ကြသည်ဟု ဆိုသည်။ ယင်းတို့သည် လီဗာပူးအသင်းအား ဝယ်ယူရေးအတွက် မကြာမီက ဒူဘိုင်းမြို့၌လည်း တွေ့ဆုံဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။

ဟစ်နှင့် ဂဲလ်လက်တို့သည် ပေါင်သန်း ၄၇၀ဖြင့် လီဗာပူးအသင်းအား ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။ ယင်းတို့သည် ဟော်ကီအသင်းနှင့် ဘေ့စ်ဘောအသင်းပိုင်ရှင်များ ဖြစ်ကြသည်။ ၎င်းတို့သည် ဒေါ်လာ ၂၁၅ သန်း ရင်းနှီးမြှုပ်နှံလျက် လီဗာပူး ကွင်းသစ်ကြီး တည်ဆောက်သွားရန်လည်း ကတိပြုထားကြသည်။

(အင်တာနက်)

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ပုသိမ်မြို့နေ ဦးဝင်းမိုး-ဒေါ်ဌေးဌေးရီတို့၏သားကြီး
ဗိုလ်လင်းမောင် B.E (Mechanical) DSTA
နှင့်
ပုသိမ်မြို့နေ ဒေါ်မာနီ၏တူမ၊
ဦးမြသိန်း-ဒေါ်စန်းအောင်(ချမ်းမြေ့အေးမှန်လုံ)တို့၏သမီးငယ်
မအေးယုမော် B.Sc (Hons), M.Sc (Part I) Botany, A.G.T.I (EP)

တို့၏ ၁၈-၁-၂၀၀၇ရက်တွင် ဘုံကျော်မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးအလှူပွဲတွင်မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ပုသိမ်အနောက်မြို့နယ် တရားသူကြီး ဦးကျင်သောင်း၊ ၂၀-၁-၂၀၀၇ရက်တွင် ပုသိမ်ဟိုတယ်၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနား၌ မေတ္တာစေတနာဖြင့် ကိုယ်တိုင်ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ဆင်မြန်းချီးမြှင့်ပေးသော ပုသိမ်တက္ကသိုလ် ဇီဝနည်းပညာဌာန ဌာနမှူး ပါမောက္ခ ဒေါက်တာညွန့်ဖေနှင့်ဇနီး ဒေါ်နန်းချစ်ဆွေတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းဝတ်ဆင်ပေးပါသော ပုသိမ်တက္ကသိုလ် ရက္ခဗေဒဌာန ပါမောက္ခ ဒေါ်အေးပွားအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော ဧရာဝတီတိုင်းဆေးရုံအုပ်ကြီး ဒေါက်တာစိုးနိုင်နှင့်ဇနီး ဒေါ်ချိုချိုမြင့်၊ ဗိုလ်မှူးထွန်းလွင်နှင့်ဇနီး ဗိုလ်ကြီးဒေါ်ယဉ်ယဉ်သိန်း၊ မော်တော်ယာဉ်ထိန်းဌာန တာဝန်ခံအရာရှိ ရဲအုပ်တင်ဖေဝင်းနှင့်ဇနီး ဒေါ်နီနီဝင်းတို့အားလည်းကောင်း၊ အထူးဖိတ်ကြားထားသော ဌာနဆိုင်ရာအကြီးအကဲများ၊ ပုသိမ်တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ခရီးသွားလုပ်ငန်းများမှ မိတ်ဆွေများအပါအဝင် ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း လက်ဖွဲ့ပစ္စည်းပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးထိန်လင်း(မင်္ဂလာဘိသေက)၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော မမြင့်မြင့်စိန်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော ဧရာလှိုင်း တေးဂီတအဖွဲ့၊ မေတ္တာဖြင့် မင်္ဂလာပန်းကြဲပေးသော မချမ်းမြေ့မွန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မဖူးမြတ်နိုး၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မအိမ့်ဝတ်ရည်၊ မင်္ဂလာသတို့သားအရံအဖြစ် ဆောင်ရွက်ပေးသော ဗိုလ်စိုင်းနေဝင်း၊ မင်္ဂလာသတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးသော မဖြူဖြူသွယ်၊ မင်္ဂလာဝတ်စုံကို ဖန်တီးပေးသည့် မပုလဲ(IVY)၊ မိတ်ကပ်ဆံပင်အလှဖန်တီးရှင် မမေခမြတ်မွန် (Classic)၊ ပန်းအလှပြင်ဆောင်ရွက်ပေးသော ပုသိမ်ဟိုတယ်မန်နေဂျာနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော ဝင်းချစ်ဓာတ်ပုံတိုက်(ပုသိမ်)တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်လင်းမောင်-မအေးယုမော်။



(၁)နှစ်မြောက် မင်္ဂလာဆုတောင်း

မောင်နိုင်လင်းသိုက် (Hanseatic Shipping Co., Ltd.)
နှင့်
မစန်းစန်းမိုး (ပြည်တွင်းအခွန်များဦးစီးဌာန)

တို့၏ ၄-၂-၂၀၀၇ရက်တွင်ကျရောက်သော (၁)နှစ်မြောက် မင်္ဂလာနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာချမ်းသာခြင်းတို့နှင့်အတူ အောင်မြင်မှုပန်းတိုင်ကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ဖေဖေ ဦးအောင်သိုက် - မေမေ ဒေါ်လှလှ
ဖေဖေ ဦးညွန့်အောင် - မေမေ ဒေါ်သန်းသန်းဦး။



အမည်ပြောင်း အဖ ဦးမင်းသိမ်း၏သား ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း Grade -10 (C)မှ မောင်ကောင်းကျော်မင်းအား ယနေ့မှစ၍ မောင်ခန့်ကျော်ဇေဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ခန့်ကျော်ဇေ။**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်း၊ ကန်ကြီးထောင့်မြို့၊ ရေတွင်းကုန်းလေးကျေးရွာနေ ဦးစိန်ဝင်း-ဒေါ်သန်းသန်းအေးတို့၏သားဖြစ်သူ မောင်အောင်မျိုးဝင်း ၁၄/ပသရ(နိုင်)၁၁၈၁၀၄သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ခွင့်မလွှတ်နိုင်သောအပြစ် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးစိန်ဝင်း-ဒေါ်သန်းအေး။**

အမည်ပြောင်း

အထက(၃)ပဲခူး အဋ္ဌမတန်း(င)မှ အဖ ဦးစန်းဝေ ၇/ပခန(နိုင်)၀၅၉၅၁၃ ၏သမီး မမေသက်နှင်းဝေအား မရွှေစင်ဦးဟု ပြောင်းလဲခေါ်ပါရန်။ **မရွှေစင်ဦး။**

ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးလှကျော်ဦးနှင့်အဖွဲ့သည် လားရှိုးမြို့နယ် ခေးနင်း၊ ပုန်းထွန်၊ နောင်မွန်၊ စဥ့်အင်ကျေးရွာများသို့ ကွင်းဆင်း၍ ဗီဒီယိုလုပ်ငန်းလိုင်စင်သက်တမ်းလွန် လုပ်ငန်းလိုင်စင်မဲ့ လုပ်ငန်းရှင်များမရှိစေရေးအတွက် သက်ဆိုင်ရာကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဌများနှင့် ဗီဒီယိုလုပ်ငန်းရှင်များအား ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေ လုပ်ထုံးလုပ်နည်းများအား ချပြရှင်းလင်းပြောကြားခဲ့ပြီးနောက် လုပ်ငန်းလိုင်စင်များပြုလုပ်ကြရန် နှိုးဆော်တိုက်တွန်းခဲ့ကြောင်း သိရသည်။

(က-ပ)

ပုလောမြို့နယ်အသင်း(ရန်ကုန်) ရွှေရတုသဘင်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်၉နာရီတွင် ကမာရွတ်မြို့နယ်ရှိ Lion City Restaurant ၌ ကျင်းပရာ အသင်းဦးဆောင်နာယက ဦးပေါ်နိုင်က အဖွင့်အမှာစကား ပြောကြားပြီး အသင်းဥက္ကဌ သုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဦးမောင်လှက ရွှေရတုသဘင်ကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းကြီးစတင်တည်ထောင်သူတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်များပေးအပ်ကြသည်။ ဆက်လက်၍ သက်ကြီးပူဇော်ပွဲ အဖြစ် ဘိုးဘွား ၆၈ဦးတို့အား ပူဇော်ကန်တော့၍ ပညာရည်ချွန်ဆုနှင့် ဂုဏ်ပြုဆုအဖြစ် ပါရဂူဘွဲ့ရနှစ်ဦးနှင့်ပညာရည်ချွန်ဆုရကျောင်းသားကျောင်းသူ၄၄ဦးတို့အား အသင်းဦးဆောင်နာယက၊ ဥက္ကဌနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် နှစ်ပတ်လည်အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပသည်။

(မြန်မာ့အလင်း)

ပုလောမြို့နယ်အသင်းဥက္ကဌ ဦးမောင်လှက တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဆုရ မသဉ္ဇာပြည့်ဖြိုးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

ကျန်စစ်သားလမ်း အပိုင်း(၁) ကတ္တရာလမ်းသစ်ဖွင့်

ကလေး ဇန်နဝါရီ ၂၀

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျန်စစ်သားလမ်း အပိုင်း(၁) ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ကတ္တရာလမ်းသစ်ကို ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ ကလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းလှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆောင်ရွက်ပေး

အဆိုပါ ကျန်စစ်သားလမ်း အပိုင်း(၁)ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၆၃ ဒသမ ၃ သိန်းဖြင့် မူလမြေသားလမ်းမှ အလျားပေ ၂၀၀၀၊ အကျယ် ၁၂ပေကို ကတ္တရာလမ်းခင်း ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။ **(၄၁၇)**

ဘူးသီးတောင်မြို့၌ ဓညဝတီ ကတ္တရာလမ်းနှင့် တံတားသစ်ဖွင့်

ဘူးသီးတောင် ဇန်နဝါရီ ၁၂

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘူးသီးတောင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ဓညဝတီလမ်း ကတ္တရာလမ်းနှင့် ကွန်ကရစ်တံတားသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး သိန်းအေး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဝင်းနှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းသည် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် အရှည် ၁၀၃၅ပေ၊ အကျယ် ၁၂ပေကို ခွင့်ပြုရန်ပုံငွေကျပ် ၅၁၀၀၀၀၀နှင့် ကွန်ကရစ်တံတားသစ် အရှည်ခြောက်ပေ၊ အကျယ် ၁၅ပေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ်၁၂၂၀၀၀၀ဖြင့် ဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နမ့်ဆန်မြို့ဝင်ဆိုင်းဘုတ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ချောင်းဆုံမြို့၌ စာအုပ်များလှူဒါန်း

ချောင်းဆုံ ဇန်နဝါရီ ၃၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ရက်က ဘိုးနက်ကျေးရွာ စာကြည့်တိုက်၌ကျင်းပသည်။

ရေးဦးစွာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးလွင်မိုးက စာအုပ်လှူဒါန်းရခြင်းကိုလည်းကောင်း၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးမျိုးသိုက်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က စာကြည့်တိုက်အကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက်စာကြည့်တိုက်အတွက် မဂ္ဂဇင်း၊ ဂျာနယ် ၆၅အုပ်နှင့် စာအုပ်ဝယ်ရန်ငွေကျပ် ၁၀၀၀၀ ကို လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်တစ်ဦးက လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တိုင်းရင်းဆေးကောင်စီ ဥပဒေများ သိကောင်းစရာ မြိတ်မြို့၌ရှင်းလင်း

မြိတ် ဇန်နဝါရီ ၂၆

ကျန်းမာရေးဝန်ကြီးဌာန တနင်္သာရီတိုင်း တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း တနင်္သာရီတိုင်းအသင်းတို့ ကြီးမှူး၍ တိုင်းရင်းဆေးဝါး ဥပဒေနှင့် တိုင်းရင်းဆေးကောင်စီ ဥပဒေများအကြောင်း သိကောင်းစရာ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီက မြိတ်မြို့ တနင်္သာရီတိုင်း တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူးရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်း တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူး ဦးတင်မောင်လေးက တိုင်းရင်းဆေးဝါး ဥပဒေပါ အရည်အသွေးစစ်မှန် ကောင်းမွန်ပြီး ဘေးဥပဒ်ကင်းသည့် တိုင်းရင်းဆေးဝါးများကို ပြည်သူများသုံးစွဲနိုင်ရေး၊ တိုင်းရင်းဆေးဝါးများ စနစ်တကျ ထုတ်လုပ်၍ မှတ်ပုံတင်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတိုင်းရင်းဆေး ဆရာအသင်း တနင်္သာရီတိုင်းအသင်းဥက္ကဋ္ဌ ဦးသိန်းနိုင်က တိုင်းရင်းဆေးကောင်စီ ဥပဒေပါ ကျင့်ဝတ်နှင့် စည်းကမ်းများလိုက်နာရေး၊ ပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်းနှင့် ဆေးဝါးကုသခြင်း ကိစ္စရပ်များကို တိုင်းရင်းဆေး ဆရာအသင်းနှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနား တက်ရောက်လာသူများ၏ မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

ကာမိုင်းမြို့၌ ကျောက်ချောလမ်းခင်း

ကာမိုင်း ဇန်နဝါရီ ၄

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် ကချင်ပြည်နယ် ကာမိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ်၄၉သိန်းဖြင့် အရှည် ၁၅၈၄ပေ၊ အကျယ် ၁၂ပေရှိ ထွယ်ဆန်ယန်ကျေးရွာ ရွာလယ်လမ်းကို ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ ဒီဇင်ဘာ ၂၆ရက်က အဆိုပါ လုပ်ငန်းခွင်သို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် အဖွဲ့ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။ **(၄၁၆)**

ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

လားရှိုး ဒီဇင်ဘာ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းသည် မြို့နယ်ဦးစီးမှူး ဒေါ်ခင်ညွန့် လိုက်ပါလျက် ဒီဇင်ဘာ ၃ရက် ညနေ၄နာရီက နမ္မဖောဒကျေးရွာ ပညာအလင်း စာကြည့်တိုက်၌ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဝင်များနှင့် စာဖတ်ပရိသတ်တို့ကို စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များကိုက်ညီရေး၊ အပြန်အလှန် ဆွေးနွေးညှိနှိုင်းပြီး စာကြည့်တိုက်များသို့ စာအုပ်စာစောင်များလှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌများက လက်ခံရယူကြကြောင်းသိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် လွယ်ကော်တောင်ကြီး အဝေးပြေးကားလမ်းမရှိ ဆီဆိုင်မြို့တွင်း လမ်းအပိုင်းတစ်လျှောက် ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းခွင်သို့ ဒီဇင်ဘာ ၃၀ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်း ကြည့်ရှုစစ်ဆေးစဉ်။ (၀၄၈)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တပို့တွဲလပြည့်ကျော် ၄ ရက်
၅–၂–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

- ၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (နိုင်ငံတကာအရည်အသွေးမီ ISOလက်မှတ်ရ မြန်မာ့ ပိုင်ယာကြိုး ထုတ်လုပ်မှုအကြောင်း)
- ၁၁:၄၀ သိပ္ပံအကြောင်း သိကောင်းစရာ (သိပ္ပံအကြောင်း သိကောင်းစရာ တချို့အကြောင်း–သိပ္ပံမှူးတင်)
- ၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ
- ၁၂:၂၅ အားကစားသတင်းပဒေသာ
- ၁၂:၄၅ သီချင်းကြီးပဒေသာ
  - (၁) မြရည်နန္ဒာဘွဲ့ (ဥက္ကလာမြမြဝင်း)
  - (၂) ဝေယံလိုပင်ကြီး (ကိုမြင့်ဆွေ)
  - (၃) ဇမ္ဗူကျွန်းလုံးသီချင်းခန့် (ခင်ခင်ငြိမ်း)
- ၁၃:၁၀ ပညာရေးအစီအစဉ် (စတုတ္ထတန်း–သင်္ချာ) (အချိန်အတိုင်းအတာ)

ညနေပိုင်း

- ၁၆:၀၅ ဟောပြောချက် (မွန်ရိုးရာ တပို့တွဲလနှင့် ထင်းမီးလှူပွဲ)
- ၁၆:၁၅ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
  - (၁) ရွှေညာသူ (ခနုဖြူစိုးသိန်း)
  - (၂) တောခလေ့ (သင်းသင်းမြတ်နှင့်အဖွဲ့)
  - (၃) ညီလေးတို့ရွာ (သန်းထွန်းလေး)
- ၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ
- ၁၇:၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ယာဂုထမနဲ တပို့တွဲ– သာရဝေါ်စိုးကြည်)
- ၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
- ၁၉:၁၅ ဆိုင်းအဖွဲ့ (မြင်းခြံအောင်သန်းကျော်ဆိုင်းအဖွဲ့)
- ၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) ထာဝစဉ်မောင့်ချစ်သူ (ကိုမြသိန်း)
  - (၂) နီးတစ်ဝက်အိပ်မက် (မိမိမြတ်)
  - (၃) တစ်ကမ္ဘာခြားလည်း ချစ်နေမယ် တစ်ယောက်တည်း (ကိုမင်းနောင်)

ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ်ဝါးတန်းဆိပ်ကမ်း အမှတ်(၂)ဝါးတန်း ရေကြောင်းပြ ရိပ်သာနေ ဒေါ်ငယ်ငယ်ဝေ၏ နှစ် (၅၀) ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဒဂုံမြို့နယ် အမှတ်(၁၆)စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မန္တလေး မီးသတ်ဦးစီးဌာန ဘုရားအနေကဇာတင်

မန္တလေး ဇန်နဝါရီ ၁၂

မန္တလေးတိုင်း မီးသတ်ဦးစီးဌာန ဘုရားအမှတ် (၃၁၄၂) အနေကဇာတင်ပွဲကို ဇန်နဝါရီ ၁ရက် နံနက် ၇နာရီက ပုဂံညောင်ဦးမြို့နယ်ရှိ ဘုရားပရိဝုဏ်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်နှင့် သံဃာတော်များက ဘုရားအမှတ်(၃၁၄၂)အား အနေကဇာတင်တော်မူပြီး နတ်ထောင်ကျောင်းတွင် ဆရာတော်ထံမှ တက်ရောက်လာသောပရိသတ်များက ငါးပါးသီလခံယူကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်ရွတ်ဖတ်ပြီး ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြရာ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဦးသုဇာတက သာဓု အနုမောဒနာ ရေစက်ချတရား ချီးမြှင့်သည်။ (၁၆၂)

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း မြို့သစ်(၁)လမ်း အမှတ် ၄ နေ ဦးလှသောင်း-ဒေါ်မော်မော်၊ သား မောင်အောင်ကျော်လွင်-မသဉ္ဇာမော် မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင် သမ္ဗုဒ္ဓေစေတီရံများ နှစ်စဉ် ရွှေသင်္ကန်းကပ်လှူနိုင်ရန် ရာသက်ပန် ရွှေသင်္ကန်းထာဝရ ပဒေသာပင်တစ်ပင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းသဖြင့် သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ရေး ကော်မတီဝင်များ ဆွေးနွေးပွဲ တောင်ကြီး၌ ကျင်းပ

တောင်ကြီး ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဦးခမ်းသည် ဇန်နဝါရီ ၅ရက်မှ ၂၂ရက်အထိ တောင်ကြီးမြို့နယ် ၂၁ ရပ်ကွက်တွင် ဖွင့်လှစ်ထားသည့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၃၄ တိုက် ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက်ကော်မတီများနှင့် တွေ့ဆုံ၍ ဆွေးနွေးကြသည်။ ရှေးဦးစွာ တောင်ကြီး မြို့နယ် ဦးစီးမှူး ဒေါ်နန်း ဦးခမ်းက စာကြည့်တိုက်များ ရှင်သန်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ စာအုပ်ထိန်းသိမ်းနည်းစနစ်များ၊ စာအုပ် အလှူခံရရှိရေး၊ ပရိဘောဂ များ တိုးပွားရရှိရေး၊ စာကြည့်တိုက် ငွေပဒေသာပင် ရရှိရေးနှင့် စာကြည့်တိုက် မှတ်ပုံတင်များ သက်တမ်းတိုးရေး စသည့် လုပ်ငန်း များကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်း

ထို့နောက် စာကြည့်တိုက် ကော်မတီဝင်များ က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ မေးမြန်းကြရာ ဦးစီးမှူး ဒေါ်နန်းဦးခမ်းက ပြန်လည် ရှင်းလင်းဖြေကြားသည်။

(မြို့နယ် ပြန်/ဆက်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြောင်းမြခရိုင်နှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း၏ သားကောင်းမိခင်နှင့် ရင်သွေးငယ် အလှပြိုင်ပွဲ ဆုပေးပွဲကို ဇန်နဝါရီ ၄ ရက်က မြောင်းမြမြို့ ပညာရတနာခန်းမ၌ ကျင်းပရာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းက စံပြမိခင်ဆုရသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကျေးလက်ရေရရှိရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဇန်နဝါရီ ၁ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ထွန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

စဥ့်ကူးမြို့နယ် သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့် အနားယူခြင်းနှင့် အစားထိုးရွေးချယ်

စဥ့်ကူး ဇန်နဝါရီ ၂၅

စဥ့်ကူးမြို့နယ် သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့် ၂၅ ရာခိုင်နှုန်း အနားယူခြင်းနှင့်အစားထိုးရွေးချယ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ရက် နံနက် ၉နာရီက မြို့နယ်သာသနာ့ဗိမာန်၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း သံဃနာယကအဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တကေသရနှင့် အဖွဲ့ဝင် ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝေပုလ္လနှင့် အဖွဲ့ဝင်ဆရာတော်များ၊ ကျောင်းတိုက်အသီးသီးမှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းသာသနာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြခိုင်၊ မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်လေး၊ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူး ရွှေသောင်း၊ မြို့နယ်သာသနာရေးမှူး ဦးစိုးလွင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အစည်းအဝေးကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သဘာပတိ တိုင်းသံဃနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တကေသရ အရှင်မြတ်က အဖွင့်ဩဝါဒကထာ ချီးမြှင့်တော်မူရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

အစီအစဉ်အရ အနားယူသွားတော်မူသော ဆရာတော်များနေရာအား ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝေပုလ္လက စဥ့်ကူးမြို့မ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသနှင့် အင်္ဂတီး မိုးကောင်းကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဩသဓ တို့အား အဆိုတင်ထောက်ခံပြီး သဘာပတိဆရာတော်က သံဃာအများ၏ ဆုံးဖြတ်ချက်များရယူကာ အတည်ပြုရွေးချယ်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ထားဝယ်မြို့ ကျေးရွာစာကြည့်တိုက်များသို့ ရုပ်မြင်သံကြားပြစက်နှင့် ရေဒီယိုများ လှူဒါန်း

ထားဝယ် ဇန်နဝါရီ ၁၂

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ထားဝယ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းပြီး ဇန်နဝါရီ ၄ရက် နံနက် ၈နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျေးရွာစာကြည့်တိုက်ရှစ်ခုသို့ ရုပ်မြင်သံကြားပြစက်လေးလုံးနှင့် ရေဒီယို လေးလုံး ပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွန်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးထွန်းမြင့်၊ ရပ်ကွက်အဖွဲ့ဝင်များ၊ စာကြည့်တိုက်တာဝန်ခံများ တက်ရောက်ကြပြီး ရောင်စုံ ရုပ်မြင်သံကြားပြစက်များကို မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့က စော်ဝ၊ ကျောက်ရပ်၊ ဇဟာနှင့်မောင်မယ်ရှောင် ကျေးရွာစာကြည့်တိုက်များသို့ တစ်လုံးစီနှင့် ရေဒီယိုများကို ရှင်မုတ္ထီး၊ဇလွန်း၊ တလိုင်းတောင်နှင့် ပကာရီစာကြည့်တိုက်များသို့ တစ်လုံးစီ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် မီးဘေးကာကွယ်တားဆီးရေး အတွက် ဒီဇင်ဘာ ၂၀ရက်က မြို့မဈေးကြီးတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ရွှေထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ အဖွဲ့ ဒုတိယဦးစီးမှူး(ဈေး) ဒေါ်မြင့်မြင့်မူနှင့် ဈေးဝန်ထမ်းများ၊ ဈေးသူဈေးသားများ စုပေါင်း၍ မီးဘေးကာကွယ်ရေး ပစ္စည်းများ၊ မီးသတ်ရေဒုပ်ခေါင်းများ စစ်ဆေးခြင်းနှင့် လျှပ်စစ်မီး သွယ်တန်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးအန္တရာယ် လုံခြုံကင်းဝေးရေး သင်တန်းဆင်း

ကလေး ဇန်နဝါရီ ၂၅

ကျေးလက်နေပြည်သူများ မီးဘေးအန္တရာယ် လုံခြုံကင်းဝေးစေရေးအတွက် ကလေးမြို့နယ် အကြိုအခြေခံ မီးသတ်သင်တန်း (လက်နက်ပါ) အမှတ်စဉ်(၁/၂၀၀၇)ဆင်းပွဲကို မြောက်စည်းကျေးရွာတွင် ဇန်နဝါရီ ၁၉ရက် နံနက်၉နာရီက ကျင်းပရာ စစ်ကိုင်းတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးတင်မင်း တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းလှိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးထွန်းထွန်းစိုးနှင့် ကျေးလက်ပြည်သူများ တက်ရောက်ကြပြီး ကျေးရွာ ပြည်သူများက တန်ဖိုးငွေကျပ် ၂၄၀၀၀၀ ရှိ ရေစုပ်စက်တစ်လုံးကို ကျေးရွာအရန် မီးသတ်တပ်ဖွဲ့သို့ ပေးအပ်လှူဒါန်း ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပလက်ဖောင်း ကွန်ကရစ်အဖုံးပြား ပြုလုပ်ဆောင်ရွက်

မောင်တော ဇန်နဝါရီ ၁၄

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့သည် ဇန်နဝါရီ ၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးစိန်ရွှေမောင် ဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်နေသော မြို့သာယာလှပရေးအတွက် ပလက်ဖောင်းကွန်ကရစ် အဖုံးပြားများ ပြုလုပ်ခြင်းကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မင်းဘူး(စကု)မြို့နယ် မန်းစက်တော်ရာ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့် ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေးစီစဉ်ထား

မင်းဘူး ဇန်နဝါရီ ၃၁

မင်းဘူး(စကု)မြို့နယ် မန်းစက်တော်ရာ ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ရက်က မန်းစက်တော်ရာ အထူးတံတားမုခ်ဦး ရှေ့တွင်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် ဘဒ္ဒန္တကုမာရနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သံဃာတော် အရှင်သူမြတ်များက အောက်စက်တော်ရာ ခြေတော်ရာစေတီအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ပရိတ် တရားတော်များ ရွတ်ဖတ်ခြင်းများ ဆောင်ရွက်တော်မူကြပြီး တက်ရောက်လာကြသူများအား ငါးပါးသီလချီးမြှင့်တော်မူသည်။ ထို့နောက် အောက်စက်တော်ရာ ခြေတော်ရာ သံအုပ်ဆောင်းအား မကွေးဆရာတော်ကြီးနှင့် တိုင်းဥက္ကဋ္ဌတို့က စက်ကြိုးဆွဲဖွင့်လှစ်ပေးပြီး ခြေတော်ရာအား ရွှေသက်န်း ကပ်လှူပူဇော်သည်။

အလားတူအထက်စက်တော်ရာ စေတီတော်တွင်လည်း သံဃာတော် အရှင်သူမြတ်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ပရိတ်တော်များ ရွတ်ဖတ်ခြင်းများ ဆောင်ရွက်ကြပြီး အထက်ရွှေစက်တော်ရာ စေတီအား ရွှေသက်န်း ကပ်လှူပူဇော်ကြသည်။

စည်ကားစွာကျင်းပမည်

မန်းစက်တော်ရာဘုရားပွဲတော်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ရဟန်းရှင်လူများ စိတ်ချမ်းမြေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် ဂေါပကအဖွဲ့က စီစဉ်ဆောင်ရွက် ထားရှိပြီး ပွဲတော်အား ဧပြီ ၁၄ရက် (မြန်မာ့နှစ်ဆန်းတစ်ရက်နေ့)အထိ စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သီလရှင်ဝတ်စုံလှူဒါန်းပွဲ ကျောင်းကုန်းမြို့၌ကျင်းပ

ကျောင်းကုန်း ဇန်နဝါရီ ၂၉

မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ သီလရှင် ၃၇ပါးအား သီလရှင်ဝတ်စုံ လှူဒါန်းပွဲကို ဇန်နဝါရီ ၂၂ရက် နံနက် ၈နာရီက ရောဝတီတိုင်း ကျောင်းကုန်းမြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာရှိ နွယ်သီဂီ သီလရှင်စာသင်တိုက်တွင်ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဆွေဇင်ဝင်းက နွယ်သီဂီသီလရှင် စာသင်တိုက်မှ သီလရှင် ၃၇ပါးအား သီလရှင်ဝတ်စုံ ၃၇စုံအတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၄၃၆၀၀၀ကို သီလရှင်တစ်ပါးချင်းထံ လှူဒါန်းကြသည်။ **(အပေါ်ပုံ)** **(၂၆၅)**

ဓမ္မသင်္ဂဏီပါဠိတော်ကျမ်းအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၃

အဘိဓမ္မာပိဋကဝင် ဓမ္မသင်္ဂဏီပါဠိတော်ကျမ်း အတွက် ဦးဆောင်ဆရာတော်ဘဒ္ဒန္တဉာဏ(အစိုးရ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံသို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလရပ်ကွက်ဂျိုးဖြူလမ်းတိုက် ၆၈၊ အခန်း ၇နေ ဦးမောင်မောင်-ဒေါ်ကျင်မွေး၊ သားသမီး မြေးတစ်စု၊ ဗဟန်းမြို့နယ် ကမ္ဘောဇလမ်း အမှတ် ၁၅/ကနေ ဦးလှထွန်း-ဒေါ်ခင်မကြီး၊ သားသမီးမြေးတစ်စု၊ မင်္ဂလာ တောင်ညွန့်မြို့နယ် ကန်တော်ကလေး ၉၄ လမ်း အမှတ် ၉၂ နေ ဦးခင်မောင် မြတ်-ဒေါ်တင်မျိုးမိသားစု၊ မင်္ဂလာဒုံမြို့နယ် ဝါယာလက်(ဆသလ- ၁)နေ ဒုတိယဗိုလ်မှူးကြီးစိုးသိန်း-ဒေါ် ခင်လင်းသူ၊ သား မောင်ဝင်းသန်းထွန်း၊ သမီး မသဥ္ဇာစိုး၊ သားမောင်ဟိန်းသန့် မိသားစု၊ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ် ၉၀/င-၇ နေ နှစ်ဖက်သော ဘိုးဘွား၊ မိဘများနှင့် ဒေါက်တာဦးကျော်အား ရည်စူး၍ ဒေါ်စန်းစန်းနုနှင့် သားသမီးတစ်စု၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ - ဒေါ်ခင်နီကျော် မိသားစု၊ စမ်းချောင်း မြို့နယ် ဗဟိုလမ်း အမှတ်၁၉၃နေ ကိုးထပ်ကြီးဘုရားဒါယကာများအားရည်စူး၍သမီးဒေါ်ခင်နီကျော်၊ ဒေါ်နွယ်နီကျော်၊ ဒေါ်မေရီကျော် ညီအစ်မ တစ်စု၊ သာကေတမြို့နယ် (၁၄)ရပ်ကွက် သလ္လာဝတီ ၂လမ်း အမှတ်၁၅၅၀-ကနေ ဒေါ်သန်းစိန်၊ လမ်းမတော်မြို့နယ်၇လမ်း အမှတ် ၂၈နေ ဒေါ်မြင့်မြင့်ကြည်နှင့် ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း ရွှေဂုံရိပ်မွန် အိမ်ရာ တိုက်၁၀ အခန်း၁၅နေ ကိုဇော်လင်းထွန်း-မအေးသူဇာ၊ သားမောင်ထက်အောင်လင်း မိသားစုတို့က ကြေးပြားတစ်ချပ်စီ လှူဒါန်းကြသည်။

(က-ပ)

မြဝတီမြို့နယ်ရှိ ကျေးလက်ဒေသများ နှမ်းစပါးစိုက်ပျိုးအောင်မြင်

မြဝတီ ဖေဖော်ဝါရီ ၂

ကရင်ပြည်နယ် မြဝတီခရိုင်အတွင်းရှိ နယ်မြေများတွင် နွေစပါးများကို လယ်ယာ တောင်သူဦးကြီးများ ပိုမိုစိုက်ပျိုးစေရန်အတွက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နွေစပါးစိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်သော လယ်ယာတောင်သူများအား အတိုးမဲ့နွေစပါးစိုက်ပျိုးစရိတ်များကို ထုတ်ချေးလျက်ရှိပြီး သီးထပ်များအပြင် မြေပဲ၊ ပြောင်း၊ မတ်ပဲ၊ ပဲတီပဲများကို စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်နိုင်ရန် လယ်ယာထွန်စက်နှင့် ပတ်သက်သည်များကို ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများက ကူညီပံ့ပိုးပေးလျက် ရှိကြသည်။

မြဝတီမြို့နယ်အတွင်း ဖလူးနယ်မြေရှိ ထီးနချောင်းဆည်ရေဖြင့် ဖလူးနှင့် မင်းလက်ပန်ကျေးရွာများတွင် နွေရာသီကောက်ပဲသီးနှံများ ဧကပေါင်းများစွာ စိုက်ပျိုးအောင်မြင်လျက်ရှိရာ မြို့နယ်ဥက္ကဋ္ဌ ဦးရွှေစိုး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာနှင့် မြေစာရင်း ဌာနတို့မှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၅ရက်က မဲ့ထော့သလေး၊ မင်းလက်ပန်နှင့် ဖလူးကျေးရွာများရှိ နွေစပါးစိုက်ခင်းများကို ကွင်းဆင်းစစ်ဆေးပြီး **(အပေါ်ပုံ)** တောင်သူဦးကြီးများနှင့် တွေ့ဆုံဆွေးနွေးကြကြောင်း သိရသည်။

(၂၂၂)

ဖွင့်လှစ်ပေး

(၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပေါက်တောမြို့ အမှတ်(၄) ရပ်ကွက် မင်းဖလောင်းလမ်းကျောက်ချောလမ်း ဖွင့်ပွဲကို ဇန်နဝါရီ ၄ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇောလှနှင့် အမှုဆောင်အရာရှိ ဦးကျော်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြိုင် ဇန်နဝါရီ ၅ရက်က သံဖြူဇရပ် မြို့မအမှတ်(၁)ဈေးအတွင်း သားငါးများ ယင်လုံဆန်ခါဖြင့် ရောင်းချမှုကို ကွင်းဆင်းစစ်ဆေးရာ ဒုတိယဦးစီးမှူး ဒေါ်မိုးစန္ဒာရွှေနှင့် ဈေးတာဝန်ခံ ဦးဝင်းညွန့်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ယင်လုံဆန်ခါဖြင့် ရောင်းချရန် ပညာပေး

မြစ်ကြီးနား ဇန်နဝါရီ ၁၀

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့ရွာများ သန့်ရှင်းသပ်ရပ် သာယာလှပရေး၊ ဈေးများအတွင်းအပြင် သန့်ရှင်းရေးနှင့် သားငါးများ ရောင်းချသည့် နေရာများတွင် ခြင်၊ယင်နှင့်အနံ့အသက် ဆိုးများ မရှိစေရန် ဆောင်ရွက် လျက်ရှိရာ ဒီဇင်ဘာ ၂၄ရက်က ဦးစီးအရာရှိဦးခင်အောင်နီ၊ ဒုတိယဦးစီးမှူး (ဈေး)၊ ကျန်းမာရေးမှူး (၂)နှင့် ဈေးကော်မတီဝင်တို့သည် ဈေးတွင်းဈေးပြင် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု၊ ဈေးကြီးများအတွင်းရေစီးရေလာကောင်း မွန်ရေးအတွက်ဆောင်ရွက်ထားရှိမှု စစ်ဆေးခြင်းနှင့် ဈေးကြီးများအတွင်း သားငါးဆိုင်များ ကျန်းမာရေးနှင့် ညီညွတ်စေရန် ယင်လုံဆန်ခါဖြင့် ရောင်းချစေခြင်း၊ လတ်ဆတ်သော သားငါး၊ ဟင်းသီးဟင်းရွက်များ ရောင်းချကြရန် ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးသို့ ဆေးတက္ကသိုလ် ကျောင်းသားကျောင်းသူများ ဈေးသန့်ရှင်းရေး ဆောင်ရွက်ထားရှိမှု၊ ဈေးအိမ်သာထားရှိသုံးစွဲမှု၊ ဈေး ရေပေးရေး ဆောင်ရွက်ထားရှိမှု၊ အသားငါး ရောင်းချသူများ ယင်လုံဆန်ခါသုံးစွဲမှုနှင့် သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်များ ရောင်းချရေးကို ဇန်နဝါရီ ၂၂ရက်က လေ့လာရာ ဒုတိယဦးစီးမှူး(ဈေး) ဦးကျော်ငွေဦးနှင့် ကျန်းမာရေးမှူး ဦးဘိုလင်းတို့က ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ (မြို့မ)အလကကျောင်း ပညာရေး စုံညီပွဲကို ဇန်နဝါရီ ၆ရက်က ကျင်းပရာ ၂၀၀၆ခု ကမ္ဘာ့ကုလသမဂ္ဂနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ ဗဟိုအဆင့်ဒုတိယဆုရ ပဉ္စမတန်းကျောင်းသူ မမေထူးမြတ်မွန်အား ကျောင်းအုပ်ဆရာကြီး ဦးတင့်လွင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၁၀၉)

ပင်လောင်းမြို့၌ အုတ်ရေစုကန်ဖွင့်

ပင်လောင်း ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ပင်လောင်းမြို့နယ်ရုံးဝင်းရပ်ကွက် အုတ်ရေစုကန်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ရက် နံနက် ၉ နာရီက အဆိုပါ ရေစုကန်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးစန်ဝင်းနှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးကျော်စိုးတို့က အမှာစကား ပြောကြားကြသည်။

အုတ်ရေစုကန်ကိုမြို့နယ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ပညာပေးဟောပြောပွဲ သနပ်ပင်၌ ကျင်းပ

သနပ်ပင် ဇန်နဝါရီ ၁၅

ပဲခူးခရိုင် သနပ်ပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်၍ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၃ရက်က အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ငွေငွေနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေငွေကဟောပြောပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ ပဲခူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ် အမှုဆောင် ဦးကျော်ထွေးဦး၊ အခြေခံ ပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်ဝင်းဝင်းဆိုင်နှင့် ဒေါ်မြင့်မြင့်သိန်းတို့က မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ပညာပေးဟောပြောကြသည်။

(မြို့နယ်ပြန်/ဆက်)

ဒေသဖွံ့ဖြိုးရေးနှင့် မိသားစုဝင်ငွေတိုးတက်ရေး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင် ဆက်သွယ်မှုစနစ် မြန်ဆန်ကောင်းမွန်ရေး အလေးထားဆောင်ရွက်

ထောက်ပံ့ပစ္စည်းပေးအပ်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကိုကိုးကျွန်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၈နာရီ၄၅မိနစ်က မြန်မာ့လေကြောင်းဖြင့် ကိုကိုးကျွန်းမြို့နယ် လေယာဉ်ကွင်းသို့ရောက်ရှိလာရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးကျော်နိုင်ဦးနှင့် အရာရှိ၊ အရာခံ အကြပ်၊ တပ်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

လယ်မြေ ၂၂၅၀ဧကကို ဆည်ရေပေးသွင်းနိုင်မည့် တမာနှင့်ဖိုးနီ ရေလှောင်တမံများ ဆိပ်ဖြူမြို့နယ်၌ဖွင့်လှစ် ရေရှည်သုံးစွဲနိုင်ရန် ရေစီးရေလာကောင်းအောင်ထိန်းသိမ်း

နေပြည်တော် ဖေဖော်ဝါရီ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်း ဆည်မြောင်းဦးစီးဌာနက ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော တမာရေလှောင်တမံနှင့် ဖိုးနီရေလှောင်တမံဖွင့်ပွဲ အခမ်းအနားများကို ဇန်နဝါရီ၃၁ရက် နံနက်ပိုင်းက တမာရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ စတင်ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်တို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ပခုက္ကူခရိုင် ဒေသဆန်ဖူလုံရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ဆည်၊ ကန်တမံငယ် ၇၁ခုကို စီမံချက်ချမှတ် *စာမျက်နှာ ၆ ကော်လံ ၁* ✻

ကွင်းဆင်းတွေ့ဆုံမေးမြန်းသူ
ကျော်စိန်

ဓာတ်ပုံ
အောင်သန်း (မင်္ဂလာတောင်ညွန့်)

ပခုက္ကူခရိုင် ဆန်စပါးဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေး တမာနှင့် ဖိုးနီရေလှောင်တမံ အထောက်အကူပြု ယခင်က မိုးရေခံ၍ မိုးကောင်းသောက် စိုက်ပျိုးရသည့်ဘဝမှ ဆည်ရေကြောင့် နှစ်သီးစိုက်နိုင်၍ လယ်သမားတို့ဝမ်းသာ

"ဆည်တွေအတွက် လမ်းတွေ ဖောက်လာတာကြောင့် လမ်းတွေရှိလာတယ်၊ ဆည်ရေရတော့မှာမို့ မသေချာတဲ့ဘဝက သေချာတဲ့ဘဝရောက်တော့မှာဖြစ်လို့ ဝမ်းမြောက်ရပါတယ်" ဦးစိုးဝင်း (တမာချောင်ကျေးရွာ တောင်သူ)

ဓာတ်ပုံ-အောင်သန်း (မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဖေဖော်ဝါရီ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသတစ်ခုဖြစ်သော မကွေးတိုင်း ပခုက္ကူခရိုင်တွင် ဆန်စပါးဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသဖွံ့ဖြိုးရေးကိုရှေးရှု၍ အသေးစားရေလှောင်တမံများကို တည်ဆောက်အကောင်အထည်ဖော်စေခဲ့ရာ ဆိပ်ဖြူမြို့နယ်အတွင်းရှိ တမာရေလှောင်တမံ *စာမျက်နှာ ၇ ကော်လံ ၁* ■

ရေခေါ်မြောင်းနှင့် ရေထိန်းမျှော်စင်

ဆိပ်ဖြူမြို့နယ်ရှိ တမာရေလှောင်တမံ၏ ရေခေါ်မြောင်းနှင့် ရေထိန်းမျှော်စင်ကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-အောင်သန်း (မင်္ဂလာတောင်ညွန့်)

"ဆည်က ရေရမှာဖြစ်လို့ စိုက်ပျိုးရေးအတွက်ရော ကျွဲနွားသောက်သုံးရေပါ ပူစရာမလိုတော့လို့ ဝမ်းသာရပါတယ်၊ ဆည်ရေကြောင့် သီးနှံစိုက်ပျိုးနိုင်ပြီး ဖောဖောသီသီ စားသုံးနိုင်မှာဖြစ်ပါတယ်" ဦးဝင်းဗိုလ် (ဂွေးပင်ရွာသား တောင်သူ)

ဓာတ်ပုံ-အောင်သန်း (မင်္ဂလာတောင်ညွန့်)